ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ အင်္ဂါနေ့။ Tuesday, 18 August 2020 ၁၀၁၀၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဥက္ကဋ္ဌ ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၇**

(၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-I) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ UPDJC အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

COVID– 19 : Second Wave – နောက်တစ်ချီ ဒီတစ်လုံး မဖုံးစေချင်ပါ

စာမျက်နှာ » ၈

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၁၀

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၇

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပြည်သူသာလျှင် အဓိက



(၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပစဉ်။

- ❖ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ အဓိကဦးတည်ချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်ဆိုသည့် အချက်ဖြစ်။
- ❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပြီဆိုပါက မိမိတို့ တိုင်းပြည်ကြီး ငြိမ်းချမ်းရေးရရှိမည်ဟု ယုံကြည်ထား။
- ❖ စိုးရိမ်မှုနှင့် ငြိမ်းချမ်းရေးဆိုသည့် စကားလုံးနှစ်လုံး၏ အားပြိုင်မှုကြားတွင် တစ်ဆို့မှုများကို မကြာခဏ ရင်ဆိုင်နေရ။

○ ရှေ့ဖုံးမှ

ဗိုလ်မှူးချုပ်ရဲရင့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မောင်သောင်းနှင့် ဦးပြုံးချို(ခ)ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(CNF)၊ စဝ်စိုင်းငင်း(RCSS)၊ ဦးမျိုးဝင်း(ABSDF)၊ စောမြရာဇာလင်း(ALP)၊ ပဒိုစောတာဒိုမူး(KNU)၊ ခွန်မြင့်ထွန်း(PNLO)၊ စောစိန်ဝင်း(DKBA)၊ စောကျော်ညွန့်(KNU/KNLA PC)၊ နိုင်အောင်မင်း(NMSP)၊ ကျာဆော်လမွန်(LDU)၊ မိဆူးပွင့်(ABSDF)၊ ဆလိုင်းထလာဟေး(CNF)၊ ဒေါက်တာစိုင်းဦး(RCSS)၊ စောစမစ်ဒွန်း(DKBA)၊ ခိုင်လင်းခိုင်(ALP)နှင့် ပဒိုစောအယ်ကလူစေး(KNU)၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ(ဒီမိုကရက်တစ်ပါတီ(မြန်မာ))၊ ဦးနိုင်ငံလင်း(NLD)၊ ဦးမြင့်စိုး(USDP)၊ စိုင်းကျော်ညွန့်(SNLD)၊ တာလှဖေ(တအာင်း(ပလောင်))၊ ဦးသိန်းထွန်း(NUP)၊ ဦးအောင်ကြည်ညွန့်(NLD)၊ ဒေါက်တာအောင်မြတ်ဦး (USDP)၊ ဦးဦးလှစော(ANP)၊ ခွန်ထွန်းရွှေ(PNLO)၊ ဦးဇမ်ဇမုန်(ဇိုမီးဒီမိုကရေစီပါတီ)၊ ဦးရွှေမင်း(လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၊ ဒေါက်တာတူးဂျာ(ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ နိုင်တလညီ(မွန်ညီညွတ်ရေးပါတီ)၊ ဒေါ်ရင်ရင်မေ(ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)နှင့် စောထွန်းအောင်မြင့် (ကရင်ပြည်သူ့ပါတီ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက မိမိတို့သည် ကိုဗစ်-၁၉ ကာလတွင် တွေ့ဆုံပြီး ကမ္ဘာကြီးတွင် မည်သို့ကပ်ဆိုက်မှုမျိုး ကြုံတွေ့နေပါစေ မိမိတို့တိုင်းပြည်၏ ငြိမ်းချမ်းရေးသည် များစွာအရေးကြီးသည်ဆိုသည့် ခံယူချက်ဖြင့် ယခုအစည်းအဝေးကို ကျင်းပနေရခြင်း ဖြစ်ပါကြောင်း။

### ဦးဆောင်လမ်းညွှန်

မိမိတို့ UPDJC ၏ အဓိကတာဝန်သည် NCA စာချုပ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသော "နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ဦးဆောင်လမ်းညွှန်ကြီးကြပ်” ရန်ဖြစ်ပါကြောင်း၊ ယင်းနိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်၏ အဓိကဦးတည်ချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့်ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့် အညီတည်ဆောက်သွားရန် ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ယင်းဦးတည်ချက်နှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်နေသော ဒီမိုကရေစီအခြေခံမူများနှင့် ဖက်ဒရယ်အခြေခံမူများ ဖော်ထုတ်ရေးသည် မိမိတို့ UPDJC ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပြီဆိုပါက မိမိတို့ တိုင်းပြည်ကြီး ငြိမ်းချမ်းရေးရရှိမည်ဟု ယုံကြည်ထားပါကြောင်း၊ နှစ်ပေါင်း ၇၀ ကြာပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရမည်ဟု ယုံကြည်ပါကြောင်း၊ သန္နိဋ္ဌာန်လည်းချထားပါကြောင်း၊ သို့သော် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမူများကို ဖော်ထုတ်ရန် ကြိုးပမ်းရင်း မိမိတို့ နိုင်ငံရေးဆွေးနွေးပွဲများသည် တစ်ဆို့မှုများနှင့် ခဏခဏကြုံတွေ့နေရပါကြောင်း။

### ငြိမ်းချမ်းရေးရစေရမည်

စိုးရိမ်မှုနှင့် ငြိမ်းချမ်းရေးဆိုသည့် စကားလုံးနှစ်လုံး၏ အားပြိုင်မှုကြားတွင် တစ်ဆို့မှုများကို မကြာခဏ ရင်ဆိုင်နေရပါကြောင်း၊ သို့သော် နောက်ဆုံးသောနေ့တွင် ငြိမ်းချမ်းရေးကသာ အနိုင်ရမည်ဟုယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးသာအောင်ပွဲခံနိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး ဖြင့်ပင် စိုးရိမ်မှုကိုကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ အားလုံးက ငြိမ်းချမ်းရေးရစေရမည်ဟု သန္နိဋ္ဌာန်ချပြီး ဆက်လက်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက လွန်ခဲ့သည့်နှစ်ရက်က မိမိတို့နိုင်ငံရေးပါတီအစုအဖွဲ့ကို အစိုးရနှင့် EAO မှ တာဝန်ရှိပုဂ္ဂိုလ်များက ထူးခြားသည့် ငြိမ်းချမ်းရေး အခြေအနေများကို ရှင်းပြကြပါကြောင်း၊ ထိုသို့ ရှင်းပြသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် အောင်မြင်မှုအတွက် ဝမ်းသာပါကြောင်း။

မိမိတို့အားလုံးသည် ငြိမ်းချမ်းရေးအတွက် ကိုယ်ကျိုးစွန့်ရန်သန္နိဋ္ဌာန်ချထားသူများဖြစ်ပါကြောင်း၊ အဓိကအနေဖြင့် ငြိမ်းချမ်းရေးရလဒ်ကောင်းရန် အရေးကြီးပါကြောင်း၊ ရလဒ်ကောင်းရန် မိမိတို့အချင်းချင်း စိတ်ဝမ်းမကွဲဘဲ ညီညွတ်ရမည်ဖြစ်ပါကြောင်း၊ ညီညွတ်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရေး၊ ထာဝရတည်တံ့ခိုင်မြဲရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရေးအတွက် အလွန်ကြီးမားသည့် မျှော်မှန်းချက်ထားရှိသူများဖြစ်သည့်အတွက် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ကို မွေးမြူနိုင်ကြရမည်ဖြစ်ပါကြောင်း၊ စာအုပ်တွင် ရေးသားထားသည့် အစီအစဉ်များသည် ပြည့်စုံသလောက်ရှိပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် ထူးခြားသည့် exceptional work ဖြစ်ပါကြောင်း၊ အားလုံးကိုလည်း ထူးချွန်သူများ (exceptional men) ဖြစ်စေလိုပါကြောင်း၊ မိမိတို့ပြည်ထောင်စုကြီးအတွက် ဂုဏ်ယူကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

### ဆွေးနွေးအတည်ပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစည်းအဝေးအစီအစဉ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်အတည်ပြုခြင်း၊ UPDJC အဖွဲ့ဝင် အစားထိုးပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ (၉)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား-၁)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များကို အတည်ပြုခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ အပိုင်း(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက် အမှတ် ၈၊ အမှတ် ၁၁ နှင့် အမှတ်၁၂ (က)နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရေးကိစ္စတင်ပြခြင်း၊ ညီလာခံ၌ UPDJC နှင့် JMC အစီရင်ခံစာများ တင်သွင်းရေးကိစ္စ ဆွေးနွေးအတည်ပြုခြင်း၊ ညီလာခံရက်အလိုက် အစီအစဉ်နှင့် ကျင်းပမည့်ပုံစံ၊ ညီလာခံပထမနေ့ အစီအစဉ်၊ ညီလာခံသဘာပတိများကိစ္စ၊ ညီလာခံတွင် လုပ်ငန်းတာဝန်ခွဲဝေမှုနှင့် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ UPDJC အစည်းအဝေးသည် အေးအေးဆေးဆေး၊ ငြိမ်ငြိမ်သက်သက်ဖြင့် အားရစရာ၊ ဝမ်းသာစရာ ကောင်းသည်ဟု ပြောလိုပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားသွားသည်များကို ခြုံပြီးကြည့်ပါက မိမိတို့ တောင့်တ မျှော်လင့်နေကြသည့် ငြိမ်းချမ်းရေးအတွက် အားတက်ရပါကြောင်း၊ မိမိတို့ တည်ထောင်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး အတွက်လည်း စိတ်ချပြီး ဝမ်းမြောက်ပါကြောင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း ပြောကြားသည်များကို ခြုံကြည့်လိုက်မည်ဆိုပါက ပြည်ထောင်စုကြီးအတွက်၊ တိုင်းရင်းသားပြည်သူများအတွက် အကြံဉာဏ်ကောင်းများ

စာမျက်နှာ ၄ သို့ ❋



တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း ဆွေးနွေးစဉ်။



နိုင်ငံရေးပါတီများအစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ(မြန်မာ)) ဆွေးနွေးစဉ်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဆွေးနွေးစဉ်။

- **ယနေ့ UPDJC အစည်းအဝေးတွင် ဆုံးဖြတ်ချက်ပေါင်း ကိုးချက်ကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်နိုင်ခဲ့၊ ယင်းဆုံးဖြတ်ချက်များသည် လာမည့် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကတာဝန်ယူရသည့် UPDJC ၏ သန္နိဋ္ဌာန်ကို ဖော်ပြနေသည်ဟုဆိုနိုင်။**
- **နိုင်ငံရေးစားပွဲဝိုင်းဆီသို့ ရောက်မလာနိုင်သေးသည့် ကျန်ရစ်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်လည်း နိုင်ငံရေးအရတွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရေးကို ပိုမိုစိတ်ဝင်စားလာနိုင်မည်ဖြစ်။**

* စာမျက်နှာ ၃ မှ

ပါသည့်အတွက် ပြည့်စုံသည်ဟု ဆိုချင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကလည်း အများပြည်သူကိုယ်စား ငြိမ်းချမ်းရေး သတင်းကောင်းများ ကြားရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

ယခုကဲ့သို့ ၂၁ ရာစု ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနိုင်မည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက် ဝမ်းသာဖြစ်မိပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ငြိမ်းချမ်းရေး ဆုလာဒ်ကို မျှော်လင့်စောင့်စားနေကြသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး သက်ဆိုင်သူများအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် စွမ်းအားရှိသမျှ ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ ရည်မှန်းပြီး အရောက်လှမ်းနေကြပါကြောင်း၊ ယခုဆိုလျှင် ညီလာခံစခန်းကို ရောက်ရှိလာပြီဖြစ်၍ ပန်းတိုင်နှင့် နီးကပ်လာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးအောင်လံကို ဆွတ်ခူးနိုင်ရန် ညီလာခံကိုယ်စားလှယ်များလည်း ပူးပေါင်း ပါဝင်အားထုတ်ကြမည်ဖြစ်ပါကြောင်း၊ ယခုကာလတွင် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းသည် အလွန်ခက်ခဲသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသူများ အနေဖြင့် အမှန်တကယ် ကြိုးစားလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ စိတ်ရှည်၊ သည်းခံရမည်ဖြစ်ပါကြောင်း၊ မှန်တာလုပ်သည်၊ ကောင်းတာလုပ်သည်ဆိုယုံဖြင့် မလုံလောက်ပါကြောင်း၊ ကောင်းရန်၊ မှန်ရန်လိုအပ်သကဲ့သို့ အများကလည်း လက်ခံသဘောတူရန် လိုအပ်ပါကြောင်း၊ ရိုးသားဖြောင့်မတ်ပြီး ရှင်းရှင်းလင်းလင်း နားလည်အောင် ပြောတတ်သည့် အရည်အချင်းရှိရန်လည်း လိုအပ်ပါကြောင်း၊ အားလုံးအတွက် ငြိမ်းချမ်းရေးကို အဟန့်အတားမဖြစ်စေဘဲ ငြိမ်းချမ်းရေး အကျိုးဖြစ်ထွန်းအောင် မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ကြပါစေဟု ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ-UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်းက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အောင်မြင်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ဆုံးဖြတ်ချက်ကိုးချက်နှင့် မှတ်တမ်းတင်ခြင်းတစ်ခုကို လုပ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ယခုကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်ပေးကြသည့် JICM ခေါင်းဆောင်ကြီးများနှင့် JICM အလုပ်အဖွဲ့ကိုလည်း မှတ်တမ်းတင်သည့် အကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့ကို ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါကြောင်း၊ အဖွဲ့အသီးသီးမှ သီးခြားညီလာခံများ၊ ဆွေးနွေးမှုများ ပြုလုပ်ပြီး လက်ခံသင့်သည်ဟု ဆုံးဖြတ်ချက် ချခဲ့ပါကြောင်း၊ မိမိတို့ချင်းအမျိုးသားတပ်ဦးမှလည်း ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ယခုငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ ပါဝင်ရန် အစီအစဉ်ရှိသည့်အတွက် ယခု ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်လာခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တစ်ခါမျှ လက်နက် မကိုင်ခဲ့ဖူးပါကြောင်း၊ ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုပါက လက်နက်ကိုင်လမ်းစဉ်ထက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ပိုမိုလိုလားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြဿနာကိုစစ်မြေပြင်တွင် မဖြေရှင်းဘဲ ယခုကဲ့သို့ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပြီးအဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။

မိမိတို့ JICM အစည်းအဝေး၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းတွင် စေတနာမှန်ရမည်၊ ဉာဏ်ပညာရှိမည်၊ သတ္တိလည်းရှိရမည်ဆိုသည့် စကားပါပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး စေတနာမှန်မှန်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရန်အတွက် ဆက်လက်ဝိုင်းဝန်းပြီး လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

## အဓိကတာဝန်ယူ

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယနေ့ UPDJC အစည်းအဝေးတွင် ဆုံးဖြတ်ချက်ပေါင်း ကိုးချက်ကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များသည် လာမည့် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကတာဝန်ယူရသည့် UPDJC ၏ သန္နိဋ္ဌာန်ကို ဖော်ပြနေသည်ဟုဆိုနိုင်ပါကြောင်း။

ပထမဆုံး အချက်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ အရေးတကြီးလိုအပ်နေသည့်လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရန်၊ ငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရန် UPDJC က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများသည် အထူးပင်အရေးကြီးလှပါကြောင်း၊ UPDJC သည် အစုအဖွဲ့သုံးဖွဲ့ အညီအမျှ ပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ကော်မတီဖြစ်ပါကြောင်း၊ အစုအဖွဲ့တစ်ဖွဲ့ချင်း၏ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထွက်ပေါ်လာသည့် အစည်းအဝေးဆုံးဖြတ်ချက် ရလဒ်များက ဖော်ပြနေပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မိမိတို့ UPDJC အဖွဲ့ဝင်များသည် ဆွေးနွေးပွဲတွင် ငြင်းခုံသော်လည်း တစ်ဦးနှင့်တစ်ဦး အခင်အမင်မပျက်၊ ရင်းနှီးမှုမပျက် လုပ်ဖော်ကိုင်ဖက်များ ငြိမ်းချမ်းရေး ဖော်ဆောင်သူများအနေဖြင့် နားလည်မှုရှိရှိ ဆောင်ရွက်နိုင်ကြသည့် အနေအထားကိုရောက်ရှိနေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် UPDJC အနေဖြင့် ရှေ့ကိုဆက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ရှည်ကြာခဲ့သည်နှင့်အမျှ သဘောထားကွဲလွဲမှုများ ပိုမိုမြင့်မားလာပြီး နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းဆွေးနွေးရန် ပိုမိုခက်ခဲလာတတ်ကြပါကြောင်း၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းနိုင်သည့် အခွင့်အရေးများ ပိုမိုလမ်းပွင့်လာသည်နှင့်အမျှ ပစ်ခတ်တိုက်ခိုက်မှုများ လျော့နည်း ကျဆင်းသွားလေ့ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ UPDJC၏ ဆွေးနွေးညှိနှိုင်းမှုများတွင် ရလဒ်ကောင်းများ တိုးတက်မှုရှိလာလျှင် နိုင်ငံရေးဆွေးနွေးပွဲများ အပေါ်ယုံကြည်မှုများ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံရေးစားပွဲဝိုင်းဆီသို့ ရောက်မလာနိုင်သေးသည့် ကျန်ရစ်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံရေးအရတွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရေးကို ပိုမိုစိတ်ဝင်စားလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ UPDJC၏ အခန်းကဏ္ဍသည်အထူးပင်အရေးကြီးသကဲ့သို့ ထမ်းဆောင်ရမည့် တာဝန်လည်း ကြီးလေးပါကြောင်း။

## ရေရှည်သဘောဆောင်

ဒုတိယအချက်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ မိမိတို့ကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပါကြောင်း၊ မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတစ်ခုတည်း မဟုတ်သကဲ့သို့ ငြိမ်းချမ်းရေး တစ်ခုတည်းအတွက်လည်း မဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး (Peace Building)၊ နိုင်ငံတည်ဆောက်ရေး (State Building)နှင့် ပြည်ထောင်စုတည်ဆောက်ရေး (Nation Building) လုပ်ငန်းစဉ်များ ပါဝင်စုစည်းနေသည့် ရေရှည်သဘောဆောင်သောလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ ယနေ့ ကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရလဒ်သုညလုပ်ငန်းစဉ် မဟုတ်ပါကြောင်း၊ ဆွေးနွေးပွဲစားပွဲဝိုင်းများတွင် ပါဝင်နေသောအစုအဖွဲ့များအတွက် သက်သက်မဟုတ်ပါကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်နေကြသူများအတွက် လည်းမဟုတ်ပါကြောင်း။

ယနေ့ကြိုးပမ်းဆောင်ရွက်နေသည့် Peace Process သည် ပါဝင်သူအားလုံးအတွက်သာမက ပြည်ထောင်စုတစ်ခုလုံးအတွက်ပါ မျှော်မှန်းဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ အဖြေရှာဖွေကြရာတွင်လည်း သက်ဆိုင်သူများအတွက် သာမက ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့် နိုင်ငံရေးပြဿနာများကို အကောင်းမွန်ဆုံး ဖြေရှင်းချက်များ ရရှိလာအောင် ဆွေးနွေးညှိနှိုင်းကြရခြင်း ဖြစ်ပါကြောင်း၊ ယနေ့အထိ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက်လည်း ထည့်သွင်းစဉ်းစားပြီး ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေကြရသည်မှာလည်း ထူးခြားချက်ဟုဆိုနိုင်ပါကြောင်း။

UPDJC ၏အလုပ်အဖွဲ့ ဖြစ်သည့် အတွင်းရေးမှူးများသည် UPDJC က ဆုံးဖြတ်နိုင်ရန်အတွက် ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ပါကြောင်း၊ UPDJC အဖွဲ့ဝင်များအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ UPDJC အစည်းအဝေး (၁၄)ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို လေးကြိမ်အထိ ကျင်းပနိုင်တော့မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် (၂)တွင် အခြေခံမူ ၅၁ ချက်အထိ ချမှတ်နိုင်ခဲ့ပြီး လာမည့် စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို ချုပ်ဆိုနိုင်တော့မည် ဖြစ်ပါကြောင်း၊ ယနေ့ UPDJC အစည်းအဝေး၌ သဘောတူခဲ့ကြသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် ၁၅ ချက်၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန် အခြေခံမူ ငါးချက်အပြင် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အဆင့်လိုက်အကောင် အထည်ဖော်မှုဆိုင်ရာဇယားတစ်ခုတို့ ပါဝင်လာမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲ အလွန်တွင် မည်သည့်အစိုးရတက်လာသည်ဖြစ်စေ အဆင်သင့်ဖော်ဆောင်သွားနိုင်မည့် အဆင့်လိုက်လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်လာခြင်းသည် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ထူးခြားလေးနက်သည့် မှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေတော့မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအတွက် ယခုကဲ့သို့ထူးခြားလေးနက်သည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၊ အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်များ၊ UPDJC အဖွဲ့ဝင်များနှင့် အလုပ်အဖွဲ့မှ အတွင်းရေးမှူးများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်းကို အလေးအနက် ပြောကြားလိုပါကြောင်း၊ UPDJC အဖွဲ့ဝင်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ရှေ့ဆက်မည့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ခရီးတွင် တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ကြရန် အလေးအနက် ဆန္ဒပြုလိုက်ပါကြောင်း ပြောကြားသည်။

## ပါဝင်ဆောင်ရွက်

ယနေ့ အစည်းအဝေးမစတင်မီတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အချိန်ကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ- (UPDJC) တွင် ငြိမ်းချမ်းရေးဦးဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်မောင်သောင်းနှင့် ဦးပြုံးချို(ခ) ဦးငွေဝင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ စဝ်စိုင်းငင်း၊ ဦးမျိုးဝင်း၊ စောမြရာဇာလင်း၊ ပဒိုစောတာဒိုမူး၊ ခွန်မြင့်ထွန်း၊ စောစိန်ဝင်း၊ စောကျော်ညွန့်၊ နိုင်အောင်မင်း၊ ကျာဆော်လမွန်၊ မိဆူးပွင့်၊ ဆလိုင်းထလာဟေး၊ ဒေါက်တာစိုင်းဦး၊ ပဒိုမန်းငြိမ်းမောင်၊ စောစမစ်ဒွန်း၊ ခိုင်လင်းခိုင်နှင့် နိုင်အောင်မငေး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဦးသုဝေ၊ ဦးနိုင်ငံလင်း၊ ဦးမြင့်စိုး၊ စိုင်းကျော်ညွန့်၊ တာလုဖေ၊ ဦးသိန်းထွန်း၊ ဦးအောင်ကြည်ညွန့်၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးဦးလှစော၊ ခွန်ထွန်းရွှေ၊ ဦးဇမ်ဇမုန်၊ ဦးရွှေမင်း၊ ဒေါက်တာတူးဂျာ၊ နိုင်တလညီ၊ ဒေါ်ရင်ရင်မေနှင့် စောထွန်းအောင်မြင့်တို့အား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် နိုင်ငံရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု ဆောင်ရွက်ချက်များအရ ငြိမ်းချမ်းရေးဖော်ဆောင်သူများ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လက်ရောက်ပေးအပ်ကြောင်း အခမ်းအနားမှူးများက ကြေညာခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၇ ရက်)

ကျွန်မတို့ ဒီအစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်များ အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့သပါတယ်။

ကျွန်မတို့အစိုးရကို ပြည်သူလူထုက နိုင်ငံတော်ရဲ့ တာဝန်ကို ယုံကြည်စွာ အပ်နှင်းလိုက်ချိန်ကစပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးသတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့ UPDJC အဖွဲ့ဝင်တွေဟာ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးတော့ ကျွန်မတို့ရဲ့ နိုင်ငံရေးပြဿနာတွေကို အဖြေရှာပေးနိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(Framework for Political Dialogue)ကို ပြင်ဆင်ရေးဆွဲပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)က ပြင်ဆင်၊ ပြောင်းလဲ၊ ဖြည့်စွက်လို့ မရနိုင်ပေမယ့် NCA အရဖြစ်ပေါ်လာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပရေးအတွက် ရေးဆွဲထားတဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုတော့ ပြောင်းလွယ်၊ ပြင်လွယ်ရှိတာနဲ့အညီ လက်တွေ့အခြေအနေတွေကို အခြေခံပြီး ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ကြရတာပဲဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမှာ ပထမဆုံးပြောကြားလိုတဲ့ အချက်ကတော့ ကျွန်မတို့ UPDJC ရဲ့ အခန်းကဏ္ဍပဲဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ဦးဆောင်ကြီးကြပ်လမ်းညွှန်ဖို့ တာဝန်ယူခဲ့ရတဲ့ ကျွန်မတို့ရဲ့ UPDJC ဟာ သမိုင်းနဲ့ယှဉ်ပြီး ကြီးလေးတဲ့ တာဝန်ကြီးတွေကို ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ နိုင်ငံရေး ဆွေးနွေးပွဲတွေကို အဓိက တာဝန်ယူရတယ်ဆိုပေမယ့် နိုင်ငံရေးပြဿနာတွေနဲ့အတူ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုလည်း ထည့်သွင်းစဉ်းစားရတာ ဖြစ်ပါတယ်။ UPDJC က တာဝန်ယူရတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ရေးဟာ UPDJC မှာ ပါဝင်နေတဲ့ အစုအဖွဲ့ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တွေပေါ်မှာ အများကြီးမူတည်နေပါတယ်။ စေ့စပ်ညှိနှိုင်းရတဲ့ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာရင် စေ့စပ်ညှိနှိုင်းမှုတွေ အမှန်တကယ်လုပ်နိုင်ဖို့က လိုပါတယ်။ ကိုယ့်ရပ်တည်ချက်၊ ကိုယ့်မူဝါဒကိုပဲ တင်းတင်းမာမာ ဆုပ်ကိုင်ထားပြီး အပေးအယူ၊ အလျှော့အတင်း တစ်စုံတစ်ရာမှ လုပ်ကိုင်နိုင်စွမ်းမရှိဘူးဆိုရင် UPDJC ရဲ့ အနှစ်သာရဟာလည်း အချည်းနှီးပဲဖြစ်နေမှာ သေချာပါတယ်။ မတူညီတဲ့အစုအဖွဲ့တွေကို ကိုယ်စားပြုကြရသူတွေဖြစ်ကြတဲ့အတွက် မတူညီတဲ့ သဘောထားတွေ၊ ကွဲပြားတဲ့ရှုမြင်ချက်တွေ၊ ခြားနားတဲ့ မျှော်မှန်းချက်တွေ ရှိနေကြတာကတော့ သဘာဝပါပဲ။ ဒါ့ကြောင့်လည်းပဲ နိုင်ငံရေးသဘောထားကွဲပြားမှုတွေကနေ လက်နက်ကိုင်ပဋိပက္ခတွေအထိ အဆိုးသံသရာ ရှည်ကြာခဲ့ရတာ ဖြစ်ပါတယ်။

နှစ်ပေါင်း ၇၀ ကျော် ရှည်ကြာခဲ့တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းကြရာမှာ စိတ်ရှည်မှု၊ သည်းခံမှု၊ အပြန်အလှန်နားလည်မှုတွေ အရင်းခံပြီး ဆွေးနွေးညှိနှိုင်းနိုင်ကြဖို့ အရေးကြီးပါတယ်။ နှစ်ပေါင်းများစွာ နိုင်ငံရေးသဘောထားကွဲပြားမှုတွေနဲ့အတူ သံသယတွေ၊ မယုံကြည်နိုင်မှုတွေ၊ နာကျင်မှုတွေ အမြစ်တွယ်နေခဲ့တာတွေကိုလည်း နှလုံးသားနဲ့ မျှဝေပြီး နားလည်သိမြင်ခံစားနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ အဓိကအချက်ကတော့ နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းကြသူတွေဟာ မိမိတို့ကိုယ်စားပြုတဲ့ အစုအဖွဲ့တစ်ဖွဲ့တည်းရဲ့ အကျိုးစီးပွားထက် ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်သစ်တွေရဲ့ အကျိုးစီးပွားကို ရှေးရှုနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ စေ့စပ်ညှိနှိုင်းကြရာမှာ အပေးအယူ၊ အလျှော့အတင်းဆောင်ရွက်နိုင်တဲ့ ပျော့ပျောင်းသူတွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်ကို လျှောက်လှမ်းရာမှာ မဆုတ်မနစ်၊ သတ္တိရှိရှိဆောင်ရွက်နိုင်တဲ့ သန္နိဋ္ဌာန်မာကျောသူတွေ ဖြစ်ဖို့လည်း အင်မတန်လိုအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်မတို့ပြည်ထောင်စုရဲ့ပန်းတိုင်ပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်နိုင်မှ ငြိမ်းချမ်းရေးရနိုင်မယ်ဆိုတာကို ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ အရင်ကတည်းက ပြောထားခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံရေးမျက်နှာစာမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတာဟာ အားလုံးလက်ခံတဲ့ ပြည်ထောင်စုရဲ့ပန်းတိုင်ဖြစ်လာခဲ့ပါပြီ။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုတာဟာ ရေရှည်လျှောက်လှမ်းသွားရမယ့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သလို ဖက်ဒရယ်တည်ဆောက်ရေးဆိုတာဟာလည်း ရေရှည်ဖော်ဆောင်သွားရမယ့် လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ပြီး တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ရဲ့ ပြည်ထောင်စုတည်ဆောက်ရေးဟာ ငြိမ်းချမ်းရေးတည်ဆောက်ရေးကို အခြေခံမှ အဆင်ပြေမယ့် ပကတိအခြေအနေမှန်တွေကလည်း ရှိနေပါသေးတယ်။

ဒီနေရာမှာ ဘယ်လိုဒီမိုကရေစီမျိုး၊ ဘယ်လိုဖက်ဒရယ်မျိုးဆိုပြီး နမူနာတွေ၊ ဝေါဟာရတွေနဲ့ အငြင်းပွားနေကြတာတွေနဲ့ ပတ်သက်ပြီးလည်း ကျွန်မအနေနဲ့ ထောက်ပြလိုက်တာတစ်ခုရှိပါတယ်။ ဝေါဟာရတွေ၊ စကားရပ်အခေါ် အဝေါ်တွေအပေါ်မှာ အငြင်းပွားနေတဲ့ အခက်အခဲတွေရဲ့ အရင်းခံဇာစ်မြစ်ဟာ ယုံကြည်မှုတည်ဆောက်ရေးပြဿနာပဲဖြစ်ပါတယ်။ နိုင်ငံရေးအရ ကြုံတွေ့ရတဲ့ပြဿနာမဟုတ်ဘဲ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုအရ ကြုံတွေ့ရတဲ့ ပြဿနာတွေလို့ ဆိုနိုင်ပါတယ်။ နောက်ကြောင်းပြန်ကြည့်လိုက်ရင်လည်း ဆန့်ကျင်ဘက်အစုအဖွဲ့တွေကြားမှာ နှစ်ပေါင်း ၇၀ ကျော် ဖုံးလွှမ်းပိတ်လှောင်ထားခဲ့ကြတဲ့ သံသယတွေ၊ မယုံကြည်မှုတွေ၊ သဘောထားကွဲပြားမှုတွေကို လျှော့ချနိုင်ပြီး ယုံကြည်မှုတည်ဆောက်ရေးကို အများကြီးလုပ်ရဦးမှာ ဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်နိုင်ဖို့အတွက် တစ်ဦးနဲ့တစ်ဦး၊ အစုအဖွဲ့တစ်ဖွဲ့နဲ့ တစ်ဖွဲ့အကြား နားလည်မှုတည်ဆောက်ရေးကို အလေးထားပြီး ကျွန်မတို့ ဆောင်ရွက်ကြရဦးမှာပါ။ နားလည်မှုတည်ဆောက်ရေး၊ ယုံကြည်မှု တည်ဆောက်ရေးဆိုတာတွေဟာလည်း အပြောလွယ်သလောက် လက်တွေ့ကျင့်ကြံအားထုတ်ဖို့လည်း အင်မတန်ခက်ခဲတယ်ဆိုတာ အားလုံးသိရှိကြပြီးဖြစ်ပါလိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး နားလည်နိုင်ဖို့၊ ယုံကြည်နိုင်ဖို့ဆိုရင် ကာလရှည်ကြာတည်ဆောက်ခဲ့တဲ့ ခံစားချက်တွေကို မျှဝေပေးနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်။ ခံစားချက်တွေကို မျှဝေနားလည်မှုပေးနိုင်မှ ရင်ထဲမှာအမြစ်တွယ်နေတဲ့ ပြဿနာတွေကို အမှန်အတိုင်း၊ အရှိအတိုင်း နားလည်သိမြင်ပြီး သဘောပေါက်လာနိုင်မှာပါ။

တတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်မတို့ အားလုံးရဲ့ ပြည်ထောင်စုကြီး ရှေ့ခရီးပဲဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံလို လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ လက်နက်ကိုင်ပဋိပက္ခ ဆယ်စုနှစ်များစွာ ရှည်ကြာခဲ့တဲ့ နိုင်ငံတစ်နိုင်ငံမှာ ဖြေရှင်းရမယ့် ပြဿနာတွေကလည်း များပြားလှပါတယ်။ များပြားလှတဲ့ နိုင်ငံရေး ပြဿနာတွေထဲကနေ ဘယ်အရာက အရေးကြီးဆုံးလဲ၊ ဘယ်ပြဿနာကို ဦးစားပေးဖြေရှင်းသင့်သလဲဆိုတာကို ကျွန်မတို့ သုံးသပ်ခွဲခြားနိုင်ဖို့ အရေးကြီးပါတယ်။ စိတ်ကူးစိတ်သန်းတွေထဲမှာ မျှော်မှန်းထားတဲ့ ပြည်ထောင်စုကတော့ တကယ့်ကိုစံပြုအနေနဲ့ စံနှုန်းအပြည့် ရှိချင်ရှိနေပါလိမ့်မယ်။ ဒါပေမယ့် ဒီလိုမျှော်မှန်းချက်တွေ အများကြီးရှိနေတဲ့အခြေအနေမှာ ပြည်ထောင်စုကို ဘယ်လိုပုံစံမျိုး၊ ဘယ်လိုလမ်းကြောင်းမျိုးနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပုံဖော်ကြမလဲဆိုတဲ့ ချဉ်းကပ်မှုနဲ့ စဉ်းစားချက်ကသာ အလုပ်လည်းဖြစ်၊ လက်တွေ့လည်းကျ၊ မဟာဗျူဟာအရလည်း မှန်ကန်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးရေးနဲ့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်တည်ဆောက်ရေး၊ နောက်ဆုံး ပြည်ထောင်စုတိုင်းရင်းသားပြည်သူအားလုံးရဲ့ အနှစ်နှစ် အလလ မျှော်လင့်ခဲ့ကြတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် စတင်လျှောက်လှမ်းနိုင်မယ့်

စာမျက်နှာ ၆ သို့ ❑

**နှစ်ပေါင်း ၇၀ ကျော် ရှည်ကြာခဲ့တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းကြရာမှာ စိတ်ရှည်မှု၊ သည်းခံမှု၊ အပြန်အလှန်နားလည်မှုတွေ အရင်းခံပြီး ဆွေးနွေးညှိနှိုင်းနိုင်ကြဖို့ အရေးကြီးပါတယ်။ နှစ်ပေါင်းများစွာ နိုင်ငံရေးသဘောထားကွဲပြားမှုတွေနဲ့အတူ သံသယတွေ၊ မယုံကြည်နိုင်မှုတွေ၊ နာကျင်မှုတွေ အမြစ်တွယ်နေခဲ့တာတွေကိုလည်း နှလုံးသားနဲ့ မျှဝေပြီး နားလည်သိမြင်ခံစားနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ အဓိကအချက်ကတော့ နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းကြသူတွေဟာ မိမိတို့ကိုယ်စားပြုတဲ့ အစုအဖွဲ့ တစ်ဖွဲ့တည်းရဲ့ အကျိုးစီးပွားထက် ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်သစ်တွေရဲ့ အကျိုးစီးပွားကို ရှေးရှုနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ စေ့စပ်ညှိနှိုင်းကြရာမှာ အပေးအယူ၊ အလျှော့အတင်း ဆောင်ရွက်နိုင်တဲ့ ပျော့ပျောင်းသူတွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပန်းတိုင်ကို လျှောက်လှမ်းရာမှာ မဆုတ်မနစ်၊ သတ္တိရှိရှိဆောင်ရွက်နိုင်တဲ့ သန္နိဋ္ဌာန်မာကျောသူတွေဖြစ်ဖို့လည်း အင်မတန်လိုအပ်။**

- **ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်နိုင်မှ ငြိမ်းချမ်းရေးရနိုင်မယ်ဆိုတာကို ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ အရင်ကတည်းက ပြောထားခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံရေးမျက်နှာစာမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတာဟာ အားလုံးလက်ခံတဲ့ ပြည်ထောင်စုရဲ့ပန်းတိုင် ဖြစ်လာခဲ့ပါပြီ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုတာဟာ ရေရှည်လျှောက်လှမ်းသွားရမယ့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သလို ဖက်ဒရယ်တည်ဆောက်ရေးဆိုတာဟာလည်း ရေရှည်ဖော်ဆောင်သွားရမယ့် လုပ်ငန်းစဉ်ပဲဖြစ်။**
- **နိုင်ငံဖွံ့ဖြိုးရေးနဲ့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်တည်ဆောက်ရေး၊ နောက်ဆုံး ပြည်ထောင်စုတိုင်းရင်းသားပြည်သူအားလုံးရဲ့ အနှစ်နှစ် အလလ မျှော်လင့်ခဲ့ကြတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးအတွက် စတင်လျှောက်လှမ်းနိုင်မယ့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို နည်းလမ်းရှာပြီး ပုံဖော်ပေးထားတာကတော့ (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ကျွန်မတို့ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ပင်ဖြစ်။**

❑ စာမျက်နှာ ၅ မှ
လုပ်ငန်းစဉ်အဆင့်ဆင့်ကို နည်းလမ်းရှာပြီး ပုံဖော်ပေးထားတာကတော့(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာ ကျွန်မတို့ချုပ်ဆိုမယ့်ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃)ပဲ ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ ကျွန်မတို့နိုင်ငံရဲ့ အနှစ်နှစ်အလလ နိုင်ငံရေးပြဿနာတွေကို လက်တွေ့ကျကျ ဖြေရှင်းနိုင်မယ့် လုပ်ငန်းစဉ်တစ်ရပ်ကို စတင်ဖန်တီးပေးလိုက်တာပဲဖြစ်ပါတယ်။ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက်သမိုင်းဝင်မယ့် ပဋိညာဉ်တစ်ရပ် ဖြစ်လာတော့မယ့် ဒီစာချုပ်ကို လာမယ့်ညီလာခံမှာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ရေးအတွက် ကျွန်မတို့ UPDJC အနေနဲ့ ဆက်လက်ကြိုးပမ်းအားထုတ်ကြရဦးမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ကာလမှာ ကျင်းပရတဲ့(၂၁)ရာစု ပင်လုံညီလာခံ အောင်မြင်ရေးပဲ ဖြစ်ပါတယ်။ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းကြရာမှာ ကျွန်မတို့နိုင်ငံအနေနဲ့ ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံမဟုတ်ပေမယ့်လည်း အကောင်းဆုံး၊ အထိရောက်ဆုံးနဲ့ စနစ်တကျ တုံ့ပြန်ရင်ဆိုင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေပါပြီ။ ဒီလိုဖြစ်လာဖို့လည်း လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်း တင်းကျပ်မှုတွေ လုပ်ဆောင်ရသလို ကျွန်မတို့ပြည်သူတစ်ရပ်လုံးကလည်း အသိစိတ်ဓာတ်ရှိရှိ၊ နားလည်မှုအပြည့်အဝနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီကပ်ရောဂါရဲ့ အခြေအနေက အမျိုးမျိုးပြောင်းလဲနေသလို နိုင်ငံတကာမှာလည်း ဒုတိယလှိုင်း၊ တတိယလှိုင်းတွေ ဆက်လက်ဖြစ်ပွားနေတဲ့ အခြေအနေတွေကြောင့် လုံးဝစိတ်ချရတဲ့ အခြေအနေကို မရောက်သေးပါဘူး။ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးအတွက် မပေါ့မဆ၊ သတိရှိရှိနဲ့ ဆက်လက်ပြီး ဆောင်ရွက်နေရတုန်းပဲ ဖြစ်ပါတယ်။

**ဆုမွန်ကောင်းတောင်း**

ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးမှာ (၂၁) ရာစုပင်လုံညီလာခံကို ကျင်းပပြုလုပ်ရတာဖြစ်တဲ့အတွက် ညီလာခံကိုယ်စားလှယ် အချိုးအစား လျှော့ချလိုက်ရတာတွေ၊ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းတွေနဲ့ ညီညွတ်အောင် လိုက်နာဆောင်ရွက်ရတာတွေ ရှိပါတယ်။ ဒီလိုမျိုး စည်းမျဉ်းသတ်မှတ်ချက်တွေနဲ့ ကန့်သတ်ဆောင်ရွက်ရတဲ့အတွက် နားလည်မှုပေးကြဖို့ UPDJC အဖွဲ့ဝင်တွေ၊ ညီလာခံကိုယ်စားလှယ်တွေ၊ အစုအဖွဲ့ခေါင်းဆောင်တွေကို မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြလို့လည်း ကျေးဇူးတင်ပါတယ်။ ဒီကနေ့ တက်ရောက်လာကြတဲ့ UPDJC အဖွဲ့ဝင်တွေအားလုံး ကပ်ရောဂါအပါအဝင် အနာရောဂါအမျိုးမျိုးကင်းဝေးပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှာ ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း လက်စွဲစာအုပ်(မူကြမ်း) ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းလက်စွဲစာအုပ် (မူကြမ်း)ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တိုးချဲ့လက်ခံခဲ့**

ဆွေးနွေးပွဲတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ပြန်လည် ထူထောင်ရေးစခန်းများအား တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများ အင်အား ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး သင်တန်းသားများ တိုးချဲ့လက်ခံခဲ့ပါကြောင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းများ၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများကို အားသွန်ခွန်စိုက် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခင်က ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်အောက်တွင် မူးယစ်ပြန်လည်ထူထောင်ရေးစခန်းကိုးခု ဖွင့်လှစ်ခဲ့ပြီး ယခုအခါ စခန်း ၁၂ ခု ဖွင့်လှစ်ထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သင်တန်းများ ခေတ္တရပ်ဆိုင်းထားပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မူးယစ်ဆေးဖြတ်လိုသူများက ဆက်သွယ်လာခြင်းများရှိသောကြောင့် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနိုင်ရန်အတွက် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရန် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် ၎င်းအား ပြင်ဆင်ထားသော မူးယစ်ဥပဒေများကို ဝန်ထမ်းများအနေဖြင့် အမြဲလေ့လာရန်လိုအပ်ပါကြောင်း၊ မူးယစ်ပြန်လည်ထူထောင်ရေးလုပ်ငန်း လက်စွဲစာအုပ် မူကြမ်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ မူကြမ်းစာအုပ်တွင် လက်တွေ့ဆောင်ရွက်မှုနယ်ပယ်နှင့် ပေါင်းစပ်ပြီး ထိရောက်မှုရှိသော လုပ်ငန်းလက်စွဲစာအုပ် ပေါ်ထွန်းလာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စာအုပ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါးသုံးစွဲခဲ့သော လူငယ်များအား ပြန်လည်ထူထောင်ပေးရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြန်လည်သုံးသပ်၍ အခြေခံသိရှိပြီး နည်းစနစ်ပိုင်းများဖြင့် ဖြည့်စွက်ဆောင်ရွက်သွားနိုင်ရန်၊ သုံးစွဲသော မူးယစ်ဆေးဝါးများအလိုက် ပြောင်းလဲသွားသော အပြုအမူ၊ အတွေးအခေါ်၊ အယူအဆများကို သိရှိပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ချောမွေ့လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်၊ ကော်(အငွေ့ပြန်)၊ ဆေးရွက်ကြီး၊ အရက်တို့နှင့် အခြားမူးယစ်ဆေးများ၏ သက်ရောက်မှုများ အပါအဝင် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များကို သိရှိနိုင်စေရန် ပြုစုထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကျင်းပသွားမည်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်ထူထောင်ရေးဦးစီးဌာနက ဦးဆောင်၍ အလင်းသစ်လူမှုဖွံ့ဖြိုးရေးအသင်းက ကူညီပံ့ပိုးခဲ့ပြီး ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထက်သန်စိတ်ထား ယုံကြည်အားဖြင့် ....

| | | |
|---|---|---|
| ☆ | **ပင်လုံမြေမှာ** | **ပြည်မြန်မာအတွက်** |
| | ဝေဆာပွင့်လန်း | ငြိမ်းချမ်းပန်းကို |
| | ရွှင်လန်းကြည်သာ | အောင်မြင်စွာဖြင့် |
| | ယူကာပေးကမ်း | ဗိုလ်အောင်ဆန်းနှင့် |
| | တူလှမ်းညီထား | တိုင်းရင်းသားစုံ |
| | စွမ်းကုန်ကြိုးပမ်း | အံ့ဘနန်းတည့်။ |
| ☆ | **လွတ်လပ်ရေးရ** | **ခါသမယနှင့်** |
| | ကွာလှမဝေး | ပြည့်အရေးကြောင့် |
| | နှောင့်နှေးခဲ့ရ | ဒို့ဘဝဝယ် |
| | သူကတစ်ဖုံ | ကိုယ့်မယုံနှင့် |
| | ကွဲကုန်စိတ်ဝမ်း | မငြိမ်းချမ်းခဲ့။ |
| ☆ | **ရက်လကြာညောင်း** | **ရာသီပြောင်းလို့** |
| | စုပေါင်းညီညာ | ဒို့ပြည်ရွာအတွက် |
| | သဘောစေကြောင်း | စိတ်ရင်းကောင်းဖြင့် |
| | ဒို့ပေါင်းကာစု | (၂၁)ရာစုပင်လုံ |
| | စုံညီမျက်နှာ | ကြိုးစားလာကြ |
| | ခုခါ(၃)ကြိမ်ပေါက်ခဲ့ပြီ။ | |
| ☆ | **ခုချိန်ကာလ** | **စတုတ္ထမြောက်** |
| | ကျရောက်လာပြန် | ညီလာခံတွင် |
| | ထက်သန်စိတ်ထား | ယုံကြည်အားဖြင့် |
| | သွေးသားရင်းတို့ | ကောင်းခြင်းမင်္ဂလာ |
| | ဖြာဖြာလွှမ်းခြုံ | ယုံကြည်စိတ်မွေး |
| | သူ့အရေးကိုယ်ရှု | ကိုယ့်သူရှုကြ |
| | မုချမသွေ | အောင်မြင်ပေလိမ့် |
| | တွေဝေမမော | တွင်းသဘောက |
| | သံသယမသွင်း | ပွင့်လင်းမြင်သာ |
| | ရှိကြပါလျှင် | ဖခင်အောင်ဆန်း |
| | သူမျှော်မှန်းသည့် | ငြိမ်းချမ်းရေးကို |
| | ဒီမိုကရေစီ | သာတူညီမျှ |
| | တူညီလက်ကမ်း | ဒို့ဆင်မြန်းလိမ့် |
| | ရွှင်လန်းကြည်သာ | ပြည်မြန်မာတွက်။ |
| ☆ | **ကိုယ်ကျိုးမဖက်** | **မျှော်ကိုးလျက်။** |

**(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကြိုဆိုလျက်)**

**ဘိုမျိုး(ရွှေဘို)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဆင်း

**ဟသ်ာတ ဩဂုတ် ၁၇**

ဟင်္သာတမြို့ အမှတ်(၁၅) စက်မှုလယ်ယာစခန်းတွင် ဖွင့်လှစ်သင်ကြားသည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါစခန်း၌ ကျင်းပသည်။

စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးစောအယ်ရွှန်က သင်တန်းတွင် သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များကို လက်တွေ့အသုံးချခြင်းဖြင့် ပြင်ဆင်စရိတ်နှင့် အချိန်ကုန်သက်သာစေပြီး လုပ်ငန်းခွင်ဆောလျင်စွာဝင်ရောက် လုပ်ကိုင်နိုင်သည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ဂီတအသင်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၇**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံတေးသီချင်း မူပိုင်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



**ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေး၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးလွင်မြင့်၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးစိုးမိုး၊ အထွေထွေအတွင်းရေးမှူး ဦးဇော်ထူးအောင်၊ ဘဏ္ဍာရေးမှူး ဦးမောင်မောင်ထိပ်၊ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်မိုးအောင်နှင့် မြန်မာနိုင်ငံ တေးသီချင်းမူပိုင် ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိစ္စ၊ တေးသီချင်းမူပိုင်ခွင့်ကိစ္စ၊ ယာယီ CMO များအတွက် ရုံးခန်းနေရာ အကူအညီပေးရေးကိစ္စနှင့် တေးသီချင်းအယ်လ်ဘမ်များ ဖြန့်ဝေပေးပို့မှုကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတ အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်အယ်လ်ခွန်းရီ၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးလှအေး၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးမင်းဇော်၊ စီမံခန့်ခွဲရေးမှူး ဦးညွန့်လှိုင်လှိုင်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ မီဒီယာသိနားလည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာများ၊ စာပေအနုပညာ မူပိုင်ခွင့်ဆိုင်ရာများ၊ New Media ပြောင်းလဲတိုးတက်လာမှုနှင့်အညီ လိုက်ပါလုပ်ဆောင်ရန်အချက်များ ဆွေးနွေးမှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ ရုံးဝင်းအတွင်းရှိ CMO ဖြစ်မြောက်ရေးကော်မတီအတွက် ရုံးခန်းနေရာလျာထားသည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

**သတင်းစဉ်**



# ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**
ပညာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**စိုက်ပျိုး**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ခရေပင်ကို စိုက်ပျိုးကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများက သစ်ပင်ပန်းမန်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ပညာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပွဲတွင် ကံ့ကော်ပင်၊ ခရေပင်၊ ပိတောက်ပင်၊ ငုဝါပင်၊ ရေတမာပင်၊ ကျွန်းပင်နှင့် ပျဉ်းကတိုးပင်စသော ရတနာတန်းဝင်အပင်များနှင့် ပန်းမန်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးတင်လတ် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ ဧရာဝတီမြစ်အတွင်း MGRG အမြန်ရေယာဉ်ပေါ်၌ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းနှင့် ခရီးသည်ပို့ဆောင်ရေးအသင်းတို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ မင်းကွန်းကျေးရွာသို့ရောက်ရှိကာ မြသိန်းတန်စေတီနှင့် မင်းကွန်းခေါင်းလောင်းတို့ရှိ ဘုရားဂေါပကအဖွဲ့များနှင့် တွေ့ဆုံ၍ ဘုရားဖူးဧည့်သည်များ ဘေးကင်းလုံခြုံစွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ထုတ်ပြန်ချက်များကို ပေါင်းစပ်ကာ ပြုစုထားရှိသော Tourism National Guidelines for COVID-19 Safe Services (Beta Version-V) နှင့်အညီ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်းကွန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည့် အမှတ်တရပစ္စည်း ရောင်းချသူများ၊ လမ်းဘေးဈေးသည်များနှင့် စက်လှေသမားများအတွက် COVID-19 Relief Package (1) ခရီးသွားလုပ်ငန်းအခြေခံသင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီး ဦးတင်လတ်သည် မန္တလေးမြို့ ဦးပိန်တံတားအနီး တောင်မင်းကြီးဘုရားပရိဝုဏ်၌ တောင်သမန်လှေသမားများအတွက် COVID-19 Relief Package (1) ခရီးသွားလုပ်ငန်းအခြေခံ သင်တန်းဖွင့်လှစ်ပို့ချနေမှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းပြန်ကြားရေးကောင်တာတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြည်တွင်းခရီးသွားစစ်တမ်း ကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ခရီးစဉ်လမ်းကြောင်းသစ်**

ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် ကသာခရိုင် မော်လူးမြို့ရှိ ဒုတိယကမ္ဘာစစ်အတွင်းက White City ခံတပ်နှင့် ဟဲနူးပြတိုက်၊ ကသာမြို့နယ်အတွင်းရှိ ကိုလိုနီခေတ် အဆောက်အအုံများဖြစ်သည့် ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ချ်အော်ဝဲလ် ရဲဝန်ထောက်ဘဝဖြင့် ကသာမြို့တွင် နေထိုင်ခဲ့သည့် အိမ်၊ သစ်တော၊ အခွန်၊ ဝန်ထောက်မင်းအိမ်၊ သစ်တောအရေးပိုင်အိမ်နှင့် ရုံး၊ လမ်းအရေးပိုင်အိမ် (လမ်း ဘက်ဌာန)၊ မီးရထားလမ်းအရေးပိုင်အိမ်နှင့် မီးရထားသံလမ်းဗိုလ်နေအိမ်များသို့ သွားရောက်ကာ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများ၊ ပြည်တွင်းခရီးသွားများ လာရောက်လေ့လာလည်ပတ်နိုင်မှုများ၊ ခရီးစဉ်လမ်းကြောင်းအသစ်များ ဖော်ထုတ်နိုင်မှုအခြေအနေများကို ကြည့်ရှုသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကသာမြို့နယ် သာဂရကျေးရွာသို့သွားရောက်ကာ ကျေးရွာရှိ သစ်သားသက်သက်ဖြင့် အမြင့်ပေ ၁၀၀ ဆောက်လုပ်ထားသည့် ဘုံခုနစ်ဆင့် ဘုန်းတော်ကြီးကျောင်းအတွင်း ဘုရားဖူးများ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များပါ Physical Distancing သတ်မှတ်ချက်များနှင့်အညီ လာရောက်ဖူးမြော်လည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှုကာ ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကသာခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီ (DMO) များနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်းတော်မြို့သို့ သွားရောက်ကာ ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့သော ဂျပန်မြေအောက်စစ်ဆေးရုံ ပြန်လည်ဖော်ထုတ်မှုများနှင့် တူးဖော်ရရှိသည့် ပစ္စည်းများအားပြသထားသည့် ပြတိုက်အား လှည့်လည်ကြည့်ရှုပြီး မန်လည်ရွာရှိ မန်လည်ဆရာတော်ဘုရားကြီး ရုပ်ကလပ်အား ဖူးမြော်ကြည်ညိုကာ နာယက ဆရာတော်အား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မြစ်ကြီးနား-မန္တလေး အမြန်ရထားဖြင့် အင်းတော်ဘူတာမှထွက်ခွာ၍ မဲဇာဘူတာ၊ ကောလင်းဘူတာတို့တွင် ဘူတာရုံပိုင်ကြီးများနှင့် တွေ့ဆုံကာ ပြည်တွင်းခရီးသည်များ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရန် Physical Distancing ဆောင်ရွက်ထားရှိမှုများအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID- 19 : Second Wave - နောက်တစ်ချီ ဒီတစ်လုံး မဖုံးစေချင်ပါ

မနက်မိုးလင်း ပြုလုပ်နေကျ နိစ္စပါတ်ကုသိုလ်ပြုလုပ်ပြီး စာကြည့်စားပွဲထိုင် သတင်းစာလှန်၊ ကွန်ပျူတာကိုဖွင့်၊ ဖေ့စ်ဘွတ်ကြည့်လိုက်ရင် တစ်နေ့တစ်မျိုး မရိုးရအောင်ကို ပြည်တွင်းပြည်ပ သတင်းစုံကို တွေ့မြင်သိရှိရပါတယ်။ သတင်းတို့ရဲ့သဘာဝအရ တစ်နေ့ကနဲ့ မနေ့က Hot ဖြစ်တဲ့ သတင်းတွေဟာ ဒီနေ့အဖို့ ခေတ်မမီတော့တဲ့ (ခေတ်ပေါ်စကားအရ ဒိတ်အောက်သွားတဲ့) သတင်းတွေဖြစ်တတ်ကြပါတယ်။ ဒါပေမဲ့ ၂၀၂၀ နှစ်ဆန်းကတည်းက အခုဒီနေ့ဒီရက်အထိ နေ့စဉ်လို ပါနေ၊ တွေ့နေပေမယ့် မရိုးသွားဘဲ အခုထိ အထူးစိတ်ဝင်စားစွာ မျှော်လင့်မှု၊ စိုးရိမ်ပူပန်မှုတွေနဲ့ ကြည့်နေကြရတဲ့ အကြောင်းကတော့ ကိုဗစ်–၁၉ သတင်းပါပဲ။

အခု ဘာလိုလိုနဲ့ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ကမ္ဘာ့လူသားတွေကို ဒုက္ခပေးခြိမ်းခြောက်နေခဲ့တာ ရှစ်လပြည့်တော့မှာပါ။ ဒီရောဂါဖြစ်စေတဲ့ ရောဂါပိုးဟာ ကိုရိုနာဗိုင်းရပ်စ်ပိုးအုပ်စုထဲကမှ ပိုးအသစ်တစ်မျိုးမို့ သူ့အကြောင်းကို ကမ္ဘာ့နိုင်ငံအနှံ့က သိပ္ပံပညာရှင်တွေက လေ့လာနေကြဆဲပေမယ့် သူ့အကြောင်းကို ရာနှုန်းပြည့် ဘယ်သူမှ မသိကြသေးပါဘူး။

**ကောင်းကောင်းထိန်းချုပ်နိုင်**

သေချာတာတစ်ခုကတော့ ဒီရောဂါဆိုးကြီးဟာ ကမ္ဘာပေါ်မှာ ဆက်ရှိနေဆဲ ဆက်ပြီးဒုက္ခပေးနေဦးမယ်ဆိုတာပါပဲ။ အင်မတန်ကူးစက်မြန်တဲ့ ဒီရောဂါဟာ (၁) ကမ္ဘာအနှံ့ လူအတော်များများကို ကူးစက်ပြန့်ပွားပြီး လူထုအများစုရဲ့ ခုခံနိုင်စွမ်း (Herd Immunity ) ရှိလာရင်၊ (၂) ဒီကူးစက်ရောဂါကို ဘေးအန္တရာယ်လုံးဝမရှိစေတဲ့ ထိရောက်တဲ့ကာကွယ်ဆေး (Vaccines) ကို ကမ္ဘာပေါ်က လူအတော်များများကို ဆေးပတ်လည်အောင် ထိုးပေးနိုင်ခဲ့ရင်၊ (၃) ဒီရောဂါ ဖြစ်လာ၊ ခံစားလာရတဲ့ လူနာတွေကို ဘေးထွက်ဆိုးကျိုးမရှိတဲ့ ကုသဆေးဝါးများနဲ့ လုံးဝ ပျောက်ကင်းအောင် နိုင်နိုင်နင်းနင်း ပြုစုကုသပေးနိုင်ရင် အဲဒီသုံးမျိုးထဲက တစ်မျိုးမျိုးဖြစ်ပေါ်လာမှသာ ဒီရောဂါဆိုးကြီးကို ကောင်းကောင်းထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

အဲဒီသုံးချက်ထဲက ပထမဆုံးအချက်ဖြစ်ဖို့ တန်ဖိုးမဖြတ်နိုင်တဲ့ လူ့အသက်တွေ အများကြီး ရင်းကြရမှာပါ။ ရောဂါရဲ့ ပြင်းထန်မှုနဲ့ အတိမ်အနက်ကို သေသေချာချာ မသိဘဲ အဲဒီအချက်ကို မျှော်မှန်းပြီး ရောဂါဖြစ်စမှာ ဖိဖိစီးစီး ထိန်းသိမ်းကာကွယ်မှုမလုပ်ဘဲ လွှတ်ပေးခဲ့ကြတဲ့ အမေရိကန်၊ အင်္ဂလန်နဲ့ ဥရောပနိုင်ငံအချို့မှာ ရောဂါတွေ ပက်ပက်စက်စက် ပြန့်ပွားပြီး အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရပါတယ်။ နောက်တစ်ချက်က ရောဂါဖြစ်ပြီး ခံစားရပြီးသူတွေမှာလည်း ခုခံနိုင်စွမ်းသတ္တိပြပစ္စည်း (Antibodies)တွေ ဘယ်လောက်ပေါ်ပြီး ဘယ်လောက်ကြာကြာ ရောဂါကာကွယ်မှု(Immunity) ပေးနိုင်မှာလဲဆိုတာကို သေသေချာချာ မသိကြသေးသလို နောက်ထပ်ရောဂါပိုး လုံးဝမဝင်အောင်၊ ရောဂါ ထပ်မခံစားရအောင် သေချာပေါက် အကာအကွယ် ပေး၊ မပေး ဆိုတာကိုလည်း မပြောနိုင်သေးပါဘူး။ အခု ဒီရောဂါ စဖြစ်ခဲ့တဲ့ နိုင်ငံတွေမှာ ပထမတစ်ကြိမ်ရောဂါဖြစ်ခဲ့ဖူးသူတွေ ထပ်ပြီး ရောဂါဖြစ်နေကြတာတွေကို တွေ့နေကြရပါတယ်။

**ဝါယမစိုက်ထုတ် ကြိုးပမ်းရှာဖွေ**

ဒါကြောင့် ကျန်နှစ်ချက်ဖြစ်တဲ့ ကာကွယ်ဆေးနဲ့ ကုသဆေးအတွက် ကမ္ဘာ့နိုင်ငံအတော်များများက ပညာရှင်တွေက အထူးဝါယမစိုက်ထုတ်ပြီး စူးစမ်းလေ့လာ ကြိုးပမ်းရှာဖွေနေကြရာမှာ မျှော်လင့်ချက်ရောင်ခြည်လေးတွေ သန်းနေပေမယ့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်မယ့် ကာကွယ်ဆေးနဲ့ကုသဆေးတွေ (ဩဂုတ်လ ၁၀ ရက်နေ့အထိ သတင်းတွေအရ) ဒီနှစ်ကုန်အထိ ထွက်နိုင်ဖို့ မသေချာသေးသလို ထွက်လာရင်လည်း ကမ္ဘာအနှံ့နိုင်ငံအားလုံးက လူအများကို ထိုးပေးနိုင်ဖို့၊ ကုပေးနိုင်ဖို့ မျှော်လင့်လို့မရသေးတဲ့အချိန်ပါ။

အဲဒီလို အခြေအနေမှာရှိနေတဲ့ ကိုဗစ်–၁၉ ရောဂါဟာ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတွေမှာ စဖြစ်ခဲ့တဲ့ နိုင်ငံအချို့မှာ မေ၊ ဇွန်လလောက်ကစပြီး ရောဂါပြန့်ပွားမှုကို နည်းမျိုးစုံနဲ့ ထိန်းခဲ့ကြလို့ ရောဂါဖြစ်ပွားနှုန်းနဲ့ သေဆုံးမှုနှုန်းတွေ အတိုင်းအတာတစ်ခုအထိ ကျခဲ့ကြပါတယ်။ ဒီရောဂါဟာ လူတစ်ဦးမှတစ်ဦးကို အနီးကပ်နေထိုင်ရာက ရောဂါရှိသူဆီကထွက်တဲ့ အမှုန်အမွှားက နောက်လူတစ်ဦးရဲ့ အသက်ရှူလမ်းကြောင်းကနေဝင်တာဆိုတာ သေသေချာချာ သိထားတာကြောင့် နိုင်ငံတွေမှာ တတ်နိုင်သမျှ လူစုလူဝေးရှောင် လူတောထဲမသွားဘဲ အိမ်မှာနေခြင်း၊ မဖြစ်မနေ အပြင်ထွက်ရင် တစ်ဦးနဲ့တစ်ဦး (တစ်မီတာ / ခြောက်ပေ)ခွာ၍နေစေခြင်း၊ မကြာခဏ လက်ကို စနစ်တကျ ဆေးခြင်း၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်မြို့နဲ့တစ်မြို့၊ ဒေသတစ်ခုနဲ့တစ်ခု ကူးလူးဆက်ဆံမှုမရှိအောင် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း အပါအဝင် အဘက်ဘက်မှာ တားဆီးပိတ်ပင်မှု အဆင့်ဆင့်ပြုလုပ်ခြင်း၊ ရောဂါရှိသူ၊ ရောဂါပိုး ကူးစက်ထားသူတွေနဲ့ ထိတွေ့ထားသူများကို စေ့စေ့စပ်စပ် ရှာဖွေခြင်း၊ သံသယရှိသူများနဲ့ နိုင်ငံရပ်ခြားမှ ပြန်လည်ဝင်ရောက်လာသူများအားလုံးကို (ကိုယ့်တိုင်းပြည်ရဲ့ မူအရ) နေရာအမျိုးမျိုးမှာ သီးခြားခွဲ၍နေစေခြင်း စတဲ့ ဗျူဟာအမျိုးမျိုးနဲ့ ဆောင်ရွက်ထိန်းသိမ်းပေးခဲ့ကြရာမှာ ဖိဖိစီးစီးလုပ်ခဲ့တဲ့၊ လုပ်နိုင်တဲ့နိုင်ငံတွေမှာ ရလဒ်ကောင်းခဲ့တာ တွေ့ခဲ့ကြရပါတယ်။

**ကြိုးကြိုးစားစား လိုက်နာကျင့်သုံး**

ထူးထူးခြားခြား တွေ့ရှိခဲ့ကြရတာကတော့ ဒီလို ဆောင်ရွက်ခဲ့ကြရာမှာ နိုင်ငံရဲ့ဘဏ္ဍာရေးတစ်ခုတည်းက အဆုံးအဖြတ်ပေးတာ မဟုတ်တာပါပဲ။ မိမိတို့နိုင်ငံ အပါအဝင် အရှေ့တောင်အာရှမှ ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာ ရောဂါကူးစက်မှုရော သေဆုံးမှုပါ ဖွံ့ဖြိုးတိုးတက်လွန်းတဲ့ နိုင်ငံတွေထက် သိသိသာသာ လျော့နည်းနေတာကို အစပိုင်းမှာ အတော်များများက သိပ်မယုံခဲ့ကြပေမယ့် နောက်ပိုင်းတော့ လက်ခံအတည်ပြုခဲ့ကြရပါတယ်။ အဓိကအခြေခံအချက်တွေကတော့ အပေါ်မှာဖော်ပြခဲ့တဲ့ ထိန်းသိမ်းကာကွယ်မှု ကျင့်စဉ်တွေကို သက်ဆိုင်ရာ အစိုးရနဲ့တာဝန်ရှိသူများက ကြပ်မတ်လမ်းညွှန်ပေးခဲ့ကြသလို ပြည်သူလူထုကလည်း ကြိုးကြိုးစားစား လိုက်နာကျင့်သုံးခဲ့ကြလို့ပါပဲ။ အများက လက်မခံသော်လည်း အခြားယူဆချက်လေးတွေကလည်း စိတ်ဝင်စားစရာတွေပါ။

တစ်ခုက အဲဒီအချိန်၊ အဲဒီနိုင်ငံ အတော်များများမှာ ပူပြင်းလှတဲ့နွေရာသီရဲ့ အပူချိန်ကြောင့်ဆိုတဲ့အချက်ပါ။ တချို့ကလည်း စင်ကာပူနိုင်ငံလည်း ပူတာပဲ၊ ဘာလို့ အဲဒီနိုင်ငံတွေထက် ပိုဖြစ်ရသလဲလို့ စောဒကတက်ကြပါတယ်။ စင်ကာပူနိုင်ငံမှာလည်း ပူပေမယ့် ဖွံ့ဖြိုးတဲ့နိုင်ငံမို့ ပူနေတဲ့ အပူချိန်အောက် နေထိုင်သွားလာလှုပ်ရှားနေကြတာ မဟုတ်ဘဲ Air –Condition နဲ့ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ရုံး၊ ကျောင်း၊ ဌာနတိုင်း၊ နောက်ဆုံး မြေအောက်ရထားလိုင်း၊ ဓာတ်လှေကားနဲ့ ယုတ်စွအဆုံး အိမ်သာထဲအထိ လေအေးပေးစက်တွေနဲ့မို့ပါလို့ ဖြေရှင်းချက်ပေးသူတွေလည်း ရှိခဲ့ပါတယ်။ ဒီဒေသတွေမှာ ဖြစ်ပွားမှုများတဲ့ ငှက်ဖျားရောဂါကြောင့် လူထုထဲမှာရှိနေတဲ့ ခုခံမှုဓာတ်ကြောင့်ဆိုတာရယ်၊ အာရှသားတွေရဲ့ သွေးထဲရှိ သွေးနီဥထဲက အခြား ဟီမိုဂလိုဗင်အမျိုးအစားများ (Other Haemoglobin variant especially Hb –E) ကြောင့်ဆိုတဲ့ အချက်တွေကတော့ သိပ္ပံပညာရှင်တွေ ဆက်လက်လေ့လာနေဆဲပါပဲ။

မိမိတို့နိုင်ငံအနေနဲ့ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ၂၀၁၉ နှစ်ကုန်ပိုင်း စဖြစ်စဉ်ကတော့ အခြားနိုင်ငံများလိုပဲ ပုံမှန်ကာကွယ်မှုတွေလုပ်ခဲ့ကြပေမယ့် မှတ်မှတ်ရရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)ကစလို့ အရှိန်အဟုန်မြှင့်ခဲ့ကာ နောက်ပိုင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနသာမက အစိုးရအဖွဲ့တစ်ခုလုံးနဲ့ ဝန်ကြီးဌာနပေါင်းစုံရဲ့ စီစဉ်ဆောင်ရွက်လမ်းညွှန်မှု၊ စေတနာရှင် ရဟန်းပြည်သူ လူထုအဖွဲ့အစည်းပေါင်းစုံနဲ့ လူမှုရေးစိတ်ဓာတ်ပြည့်ဝသူ(ပြည်တွင်းပြည်ပ) လူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်ကူညီပံ့ပိုးမှု၊ ရှေ့တန်းစစ်မြေပြင်လို့ တင်စားနိုင်တဲ့ ဆေးရုံဆေးခန်း ရောဂါပိုးစမ်းသပ်ရာဌာနများနဲ့ ကျန်းမာရေးဌာနတွေ၊ Quarantine center တွေ၊ နိုင်ငံရဲ့ အဝင်အထွက်ဂိတ်ပေါက်တွေမှာ မညည်းမညူ ကျရာတာဝန်ကို(တချို့ဆိုရင် လိုတာထက်တောင်ပိုပြီး) ထမ်းဆောင်ခဲ့ကြတဲ့ အလွှာအသီးသီးက ကျန်းမာရေးဝန်ထမ်းတွေနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်တွေ၊ သက်ဆိုင်ရာက ညွှန်ကြားထားတဲ့ ရှောင်ရန်၊ ဆောင်ရန် အချက်တွေကို အထူးဂရုစိုက် လိုက်နာကျင့်သုံးခဲ့တဲ့ တာဝန်သိ နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းကြောင့် ကိုဗစ်–၁၉ စဖြစ်ခါစက မိမိတို့ မြန်မာနိုင်ငံဟာ အထိနာပြီး လူတွေသိန်းချီပြီး ရောဂါပိုးကူးစက်ကာ ထောင်နဲ့သောင်းနဲ့ချီပြီး အသက်ဆုံးနိုင်တယ်လို့ ခန့်မှန်းထားသူတွေရဲ့ ခန့်မှန်းချက်တွေ တက်တက်စင်အောင် လွဲခဲ့ရပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက် စနေနေ့နံနက်စောစောအထိ ရောဂါပိုးတွေ့ရှိသူ ၃၇၄ ဦးနဲ့ သေဆုံးသူ ခြောက်ဦးသာရှိခဲ့တာဟာ နိုင်ငံ့ခေါင်းဆောင်ရဲ့ မှန်ကန်တဲ့ဦးဆောင်ဦးရွက်ပြုမှု၊ ဌာနဆိုင်ရာ အားလုံးရဲ့ စနစ်တကျစီမံခန့်ခွဲညွှန်ကြားမှုနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စည်းကမ်းတကျ လိုက်နာဆောင်ရွက်မှုတို့ကြောင့်ဆိုတာ သိသာထင်ရှားလှပါတယ်။ စဖြစ်ခါစက မြန်မာနိုင်ငံမှာဆက်နေရင် အန္တရာယ်ရှိနိုင်တယ်ဆိုပြီး အနောက်တိုင်းနိုင်ငံကြီးအချို့က သူတို့ရဲ့ သံရုံးအကြီးအကဲနဲ့ ဝန်ထမ်းတွေကို မြန်မာနိုင်ထဲက အမြန်ထွက်ကြဖို့ နှိုးဆော်တိုက်တွန်းလုပ်ဆောင်ခဲ့ကြပြီး တကယ့်မြေပြင်အခြေအနေတွေမှာ သူတို့ မိခင်နိုင်ငံတွေမှာ ရောဂါဖြစ်တာရော သေဆုံးတာပါ ကြောက်ခမန်းလိလိ ကြုံတွေ့နေကြရတဲ့အဖြစ်ပါ။

**အဲဒီ ကိုဗစ်-၁၉ ရောဂါအတွက် ရောဂါပိုးရှိတဲ့ လူနာတွေ၊ သံသယလူနာတွေကို အချိန်ပေးကုသသူတွေနဲ့ပဲ နေ့ရက်နာရီတွေအကုန်ပေးထားရင်း အစားထိုးမရနိုင်တဲ့ မိမိရဲ့ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း မကျန်းမမာဖြစ်တာ မပြုစုနိုင်၊ နောက်ဆုံးအချိန်တောင် ဘေးမှာမရှိနိုင်ဘဲ အသက်ပေးလိုက်ရ၊ ဆုံးရှုံးလိုက်ရတဲ့အဖြစ်တွေကို နာမည်တွေအကုန် အတိအကျနဲ့ကို တင်ပြပြောပြနိုင်ပါတယ်။ ရောဂါပိုးရှိသူတွေကိုပြုစုကုသရင်း ရောဂါကူးစက်သွားခဲ့တဲ့၊ ကူးစက်နိုင်ဖွယ်ဖြစ်ခဲ့တဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ သံသယရှိသူတွေကို ပြုစုကုသလိုက်ရလို့ ကူးစက်နေပြီလားလို့ တထိတ်ထိတ်နဲ့ နေနေခဲ့ကြရတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့နေရာ၊ သူတို့လေးတွေရဲ့ မိသားစုတွေနေရာကို တကယ်မဟုတ်ဘဲ ခဏလောက်လေး စိတ်ထဲမှာတွေးပြီး ခံစားကြည့်ကြရင် ကိုယ်ချင်းစာတတ်၊ နားလည်ပေးတတ်၊ အသိအမှတ်ပြုပေးတတ်ကြမှာပါ။**

**အသက်တွေ စွန့်လွှတ်ဆုံးရှုံးခဲ့ရ**

မိမိအနေနဲ့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ် အပြောခံပြီး မြန်မာပြည်သူလူထုရဲ့ ဂုဏ်ယူဖွယ် အချို့ကိစ္စလေးတွေ ပြောပြချင်ပါတယ်။ ကျန်းမာရေးဝန်ထမ်း အဆင့်ဆင့်ရဲ့ တာဝန်ယူပေးဆပ်မှုတွေကိုဖော်ပြရင် ဆရာဝန် ဆရာမပဲ ကိုယ့်တာဝန် ကိုယ်လုပ်တာ လုပ်ရမှာပေါ့လို့ ဝေဖန်သူတွေ ရှိနိုင်ပါတယ်။ အခုဖြစ်တာ ပုံမှန်ကာလ ကျန်းမာရေး စောင့်ရှောက်မှု မဟုတ်ပါဘူး။ ကြောက်စရာကောင်းလှတဲ့ မိမိရောမိမိ မိသားစုပါ ကူးလည်းကူးနိုင်၊ သေလည်း သေနိုင်တဲ့ ကမ္ဘာ့ကပ်ရောဂါကြီးပါ။ တချို့နိုင်ငံတွေမှာ ဆရာဝန် ဆရာမတွေက ဆေးရုံဆေးခန်းတွေ ထားခဲ့ပြီး ပစ်ပြေးကြတဲ့ သတင်းတွေကြားခဲ့မြင်ခဲ့ကြရပါတယ် ။ အားလုံးသိကြ၊ မှတ်မိကြမှာပါ။ အဲဒီဖြစ်ခါစအချိန်မှာ Safety Medical Equipments တွေဖြစ်တဲ့ ပါးစပ်နှာခေါင်း စည်း (Surgical Mask ) ကအစ အဆင့်မြင့် PPE, N–95, KN–95 Mask အကာအကွယ်ပစ္စည်းတွေ လုံလုံလောက် လောက်မရှိခဲ့တဲ့ အခြေအနေပါ။ မိမိတို့တစ်နိုင်ငံတည်း ကြုံတွေ့ခဲ့ရတာတော့ မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်း ကြုံတွေ့ခဲ့ကြရတဲ့ အခက်အခဲပါ။ အဲဒါကြောင့်လည်း ယူကေလို၊ အမေရိကန်လိုနိုင်ငံမှာ ဆရာဝန် ဆရာမ ဆေးဝန်ထမ်းတွေ ရောဂါကူးစက်ရုံမက အသက်တွေပါ စွန့်လွှတ်ဆုံးရှုံးခဲ့ကြရပါတယ်။ အဲဒီလိုအခြေအနေမှာ “တာဝန်မို့လို့”ဆိုတာထက် ရောဂါကူးသွားနိုင်မှန်း၊ သေသွားနိုင်မှန်းသိသိကြီးနဲ့ တာဝန်ထက်ပိုပြီး စေတနာထား လုပ်ကိုင်ခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေဆိုတာတော့ သိစေချင်ပါတယ်။ တချို့ဆိုကုသရေးတာဝန်မဟုတ်ပေမယ့် မိမိဆန္ဒနဲ့ မိမိ Volunteer လုပ်ပြီး လူနာတွေ ပြုစုစောင့်ရှောက်တဲ့ဌာနတွေ၊ တချို့ဆိုနယ်စွန်နယ်ဖျားအထိ တာဝန်ယူခဲ့ကြတာပါ။

**စိတ်ထဲတွေးပြီး ခံစားကြည့်**

အဲဒီ ကိုဗစ်–၁၉ ရောဂါအတွက် ရောဂါပိုးရှိတဲ့ လူနာတွေ၊ သံသယလူနာတွေကို အချိန်ပေးကုသသူတွေနဲ့ပဲ နေ့ရက်နာရီတွေအကုန်ပေးထားရင်း အစားထိုးမရနိုင်တဲ့ မိမိရဲ့ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း မကျန်းမမာဖြစ်တာ မပြုစုနိုင်၊ နောက်ဆုံးအချိန်တောင် ဘေးမှာမရှိနိုင်ဘဲ အသက်ပေးလိုက်ရ၊ ဆုံးရှုံးလိုက်ရတဲ့အဖြစ်တွေကို နာမည်တွေအကုန် အတိအကျနဲ့ကို တင်ပြပြောပြနိုင်ပါတယ်။ ရောဂါပိုးရှိသူတွေကိုပြုစုကုသရင်း ရောဂါကူးစက်သွားခဲ့တဲ့၊ ကူးစက်နိုင်ဖွယ်ဖြစ်ခဲ့တဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ သံသယရှိသူတွေကို ပြုစုကုသလိုက်ရလို့ ကူးစက်နေပြီလားလို့ တထိတ်ထိတ်နဲ့ နေနေခဲ့ကြရတဲ့ ကျန်းမာရေး ဝန်ထမ်းတွေရဲ့နေရာ၊ သူတို့လေးတွေရဲ့မိသားစုတွေနေရာကို တကယ်မဟုတ်ဘဲ ခဏလောက်လေး စိတ်ထဲမှာတွေးပြီးခံစားကြည့်ကြရင် ကိုယ်ချင်းစာတတ်၊ နားလည်ပေးတတ်၊ အသိအမှတ်ပြုပေးတတ်ကြမှာပါ။

စာမျက်နှာ ၉ သို့ ❍

**မိမိတို့နိုင်ငံအနေနဲ့ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ၂၀၁၉ နှစ်ကုန်ပိုင်း စဖြစ်စဉ်ကတော့ အခြားနိုင်ငံများလိုပဲ ပုံမှန်ကာကွယ်မှုတွေလုပ်ခဲ့ကြပေမယ့် မှတ်မှတ်ရရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)ကစလို့ အရှိန်အဟုန်မြှင့်ခဲ့ကာ နောက်ပိုင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသာမက အစိုးရအဖွဲ့တစ်ခုလုံးနဲ့ ဝန်ကြီးဌာနပေါင်းစုံရဲ့ စီစဉ်ဆောင်ရွက်လမ်းညွှန်မှု၊ စေတနာရှင် ရဟန်းပြည်သူလူထုအဖွဲ့အစည်းပေါင်းစုံနဲ့ လူမှုရေးစိတ်ဓာတ်ပြည့်ဝသူ(ပြည်တွင်းပြည်ပ) လူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်ကူညီပံ့ပိုးမှု၊ ရှေ့တန်းစစ်မြေပြင်လို့ တင်စားနိုင်တဲ့ ဆေးရုံဆေးခန်း ရောဂါပိုးစမ်းသပ်ရာဌာနများနဲ့ ကျန်းမာရေးဌာနတွေ၊ Quarantine center တွေ၊ နိုင်ငံရဲ့ အဝင်အထွက်ဂိတ်ပေါက်တွေမှာ မညည်းမညူ ကျရာတာဝန်ကို(တချို့ဆိုရင် လိုတာထက်တောင်ပိုပြီး)ထမ်းဆောင်ခဲ့ကြတဲ့ အလွှာအသီးသီးက ကျန်းမာရေးဝန်ထမ်းတွေနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်တွေ၊ သက်ဆိုင်ရာက ညွှန်ကြားထားတဲ့ ရှောင်ရန်၊ ဆောင်ရန် အချက်တွေကို အထူးဂရုစိုက် လိုက်နာကျင့်သုံးခဲ့တဲ့ တာဝန်သိနိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းကြောင့် ကိုဗစ်-၁၉ စဖြစ်ခါစက မိမိတို့မြန်မာနိုင်ငံဟာ အထိနာပြီး လူတွေသိန်းချီပြီး ရောဂါပိုးကူးစက်ကာ ထောင်နဲ့ သောင်းနဲ့ချီပြီး အသက်ဆုံးနိုင်တယ်လို့ ခန့်မှန်းထားသူတွေရဲ့ ခန့်မှန်းချက်တွေ တက်တက်စင်အောင်လွဲခဲ့ .....**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ

## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုချက်ပေးပို့နိုင်ကြောင်း အသိပေးကြေညာခြင်း

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်

၁။ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီသည် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးလုပ်ငန်းစီမံချက်(မူကြမ်း)ရရှိရန် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပခဲ့ပြီး ရရှိလာသော လုပ်ငန်းစီမံချက်(မူကြမ်း)ကို ၁၇-၇-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် ဒုတိယအကြိမ်လုပ်ငန်းကော်မတီ အစည်းအဝေးမှ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းလုပ်ငန်းစီမံချက်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website – www.oag.gov.mm တွင် ဖော်ပြထားပါသည်။

၃။ လုပ်ငန်းစီမံချက်(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုချက်များပေးပို့လိုပါက draftingnll@gmail.com သို့ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၂၀၃၅၄၇၃၊ ၀၆၇-၄၀၄၃၉၇ သို့ဖြစ်စေ၊ ဒေါ်မိသန္တာမြင့် ညွှန်ကြားရေးမှူး ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ၊ ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ်(၂၅)သို့ဖြစ်စေ ၁၅-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့်**
**မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ**
**သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ**

○ စာမျက်နှာ ၈ မှ

ဒုတိယဖော်ပြချင်တာကတော့ ရပ်ဟန်းရှင်လူပြည်သူတစ်ရပ်လုံးရဲ့ ကြီးမားမြင့်မြတ်လှတဲ့ စေတနာ၊ မေတ္တာနဲ့ လူမှုရေးစိတ်ဓာတ်ပါ။ မြန်မာလူမျိုးတို့ရဲ့ Charity Spirit အများအပေါ် စေတနာထားလှူဒါန်းပံ့ပိုးလိုမှု စိတ်ဓာတ်က ကမ္ဘာပေါ်မှာ ထိပ်ဆုံးက ရပ်တည်နေတာ ကြာလှပါပြီ။ အဲဒီအကျင့်ကောင်းဓလေ့ကောင်းကိုလည်း ကိုဗစ်-၁၉ ကာလမှာ ဝမ်းမြောက်ဂုဏ်ယူရလောက်အောင် တွေ့ခဲ့ရပါတယ်။ အဓိကလိုအပ်ခဲ့တဲ့ Safety Medical Equipments အကာအကွယ်ပစ္စည်းတွေ၊ ကုသမှုမှာ လိုအပ်တဲ့ အသက်ရှူအားကူစက် (Ventilator) အပါအဝင် စက်ကိရိယာအမျိုးမျိုးတွေ၊ ရောဂါကိုတိတိကျကျနဲ့ လူများများကို ရှာဖွေစမ်းသပ်နိုင်မယ့် Cobas 6000 Analyzer လို တန်ဖိုးကြီးလှတဲ့ အဆင့်မြင့်ဓာတ်ခွဲခန်းဆိုင်ရာ စက်တွေ၊ စမ်းသပ်ပစ္စည်းနဲ့ ဆက်စပ်ပစ္စည်းတွေ အပါအဝင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းသိမ်း၊ ကုသဖို့ လိုအပ်တဲ့အရာတွေအားလုံးကို ငွေရောပစ္စည်းများပါ ဌာနဆိုင်ရာတွေကို လှူကြသူ၊ လိုအပ်တဲ့နေရာတွေ တိုက်ရိုက်လှူကြသူ၊ လှူနိုင်သူတွေကို ဆက်သွယ်ဆောင်ရွက်ပေးကြသူ အားလုံးကိုသာမက ကျန်းမာရေးဝန်ဆောင်မှု(ဆေးကုသမှု ရောဂါရှာဖွေမှု) ပေးနေသူတွေ၊ တချို့ဆို အိမ်တောင် မပြန်နိုင်၊ မပြန်ဖြစ်ကြတာမို့ သူတို့စားသောက်ဖို့ နံနက်စာ၊ နေ့လယ်စာ၊ ညစာ အချိန်မီ ပေးပို့လှူဒါန်းကြသူတွေ အားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုကြရမှာပါ။ ကိုဗစ်-၁၉ ဖြစ်ခါစက ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနရှေ့မှာ မူလတန်းကလေးတစ်ယောက်ရဲ့ လက်ရေးနဲ့ "ဦးဦး၊ ဒေါ်ဒေါ်တို့ Fighting နော် အားရှိအောင်စားဖို့ပါ" ဆိုပြီး ကလေးလက်ရေးလေးနဲ့ ထားသွားခဲ့တဲ့ မုန့်ထုပ်လေးကိုမြင်ရတာဟာ မျက်ရည်ကျရ၊ ကြက်သီးထရလောက်တဲ့ ကြည်နူးဝမ်းသာမှုပါပဲ။

### ကျေးဇူးတရားကို မှတ်တမ်းတင်

ဒီ ကိုဗစ်-၁၉ ရောဂါကို ထိန်းသိမ်းရာမှာ ရောဂါ မပြန့်အောင်လုပ်ခဲ့တဲ့အထဲက "ခွဲခြားနေထိုင်စေခြင်း" "Quarantine" ဟာလည်း အတော်အရေးပါတဲ့နေရာမှာ ပါခဲ့တာပါ။ အဲဒီလုပ်ငန်းစဉ်အတွက် နေရာတွေပေး (တချို့ဆို အကျွေးအမွေးပါ တာဝန်ယူလိုက်သေး)ခဲ့ကြတဲ့ ဆရာတော်ကြီးများရဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ တရားစခန်းတွေ၊ အဖွဲ့အစည်းတွေရဲ့ အဆောက်အအုံတွေ၊ ဟိုတယ်တွေကို ရက်ရက်ရောရော အသုံးပြုခွင့်ပေးခဲ့သူတွေရော၊ အဲဒီစခန်းတွေမှာ ကျန်းမာရေး၊ စားသောက်ရေး၊ ဖျော်ဖြေရေး၊ ဆက်သွယ်ရေး တာဝန်အသီးသီးကို ကိုယ်ရောစိတ်ပါ နှစ်မြှုပ်လုပ်ကိုင်ခဲ့ကြတဲ့ ဝန်ထမ်းများနဲ့ ကျောင်းသူ ကျောင်းသားများ၊ အဖွဲ့အစည်းပေါင်းစုံနဲ့ လုပ်အားပေး Volunteer များရဲ့ ကျေးဇူးတရားများကိုလည်း မှတ်တမ်းတင်ထိုက်ပါတယ်။

မိမိတို့နိုင်ငံရဲ့ လုပ်ဆောင်ချက်တွေထဲမှာ ဝမ်းမြောက်ဂုဏ်ယူစရာတွေ အများကြီးထဲက တချို့ကို ထပ်ပြီး မှတ်တမ်းတင်ပါရစေ။ ရောဂါဖြစ်ခါစ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ သွားလာနေကြတဲ့အချိန် ရောဂါစခဲ့တဲ့ တရုတ်နိုင်ငံက ခရီးသည်ရာကျော်ပါတဲ့ လေယာဉ်ပျံ မန္တလေးလေဆိပ်ကို ရောက်လာတုန်းက ခရီးသည်တွေကို လုံးဝဆင်းခွင့်မပေးခဲ့တာ၊ ဆင်းရင်လည်း "Quarantine" ဝင်ရမယ်လို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ဆောင်ရွက်ခဲ့တာလေးကိုပါ။ နောက်တစ်ချက်ကတော့ တရုတ်နိုင်ငံ ဝူဟန်မှာ ပိတ်မိပြီး ဒုက္ခပေါင်းစုံကြုံတွေ့နေရတဲ့ မြန်မာကျောင်းသား ကျောင်းသူလေးတွေကို ကယ်ဆယ်ရေးလေယာဉ် (Relief Flight)လွှတ်ပြီး ပြန်ခေါ်ခဲ့ကာ မန္တလေးမှာ လိုလေသေးမရှိအောင် ထားပေးခဲ့တာဟာ နိုင်ငံတော်နဲ့ သက်ဆိုင်ရာ ဆောင်ရွက်သူတွေရဲ့ မှန်မြတ်လှတဲ့ ဆောင်ရွက်မှုပါ။

### မိမိတို့တစ်နိုင်ငံပဲရှိ

အဲဒီလိုခေါင်းဆောင်ကောင်းရဲ့ မှန်ကန်တဲ့ ဦးဆောင်မှုအောက်မှာဖော်ပြခဲ့တဲ့ နည်းဗျူဟာတွေနဲ့ ရောဂါကို ထိန်းနိုင်၊ လျော့နည်းနိုင်ခဲ့သော်လည်း တစ်ဖက်မှာ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ဘာသာရေး၊ ဆက်ဆံပေါင်းသင်းရေးကဏ္ဍအသီးသီးမှာ အနည်းနဲ့အများ နှေးကွေးကြန့်ကြာယုတ်လျော့မှုတွေ နိုင်ငံတိုင်းမှာလိုပဲ တွေ့ကြုံခံစားကြရပါတယ်။ ဒီလို ကန့်သတ်တားဆီးမှု ပိတ်ပင်မှုတွေကို အကြာကြီးဆက်လုပ်လို့ လက်တွေ့မှာ ဘယ်လိုမှ မဖြစ်နိုင်တာကို နိုင်ငံတိုင်းရဲ့ တာဝန်ရှိအုပ်ချုပ်သူတွေက တိုင်းသူပြည်သား လူအများနည်းတူ သိရှိကြတာမို့ ရောဂါအရှိန်တန့်နေတဲ့(Flattening the Curve)နိုင်ငံတွေမှာ အဆင့်ဆင့်ဖြေလျှော့မှုကို တစ်ဆင့်ပြီးတစ်ဆင့်မေလ၊ ဇွန်လလောက်ကတည်းက လုပ်ခဲ့ကြရာမှာ မိမိတို့နိုင်ငံလည်း ပါခဲ့ပါတယ်။ ကိုယ့်နိုင်ငံအခြေအနေနဲ့ကိုယ် စဉ်းစားချင့်ချိန် ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခဲ့ကြရတာပါ။ မိမိတို့နိုင်ငံမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ နေ့စဉ်လိုပဲ(တစ်ခါတလေ တစ်နေ့တည်း သုံးလေးခါ) ဒီ ကိုဗစ်-၁၉ ရဲ့ အဓိက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေး၊ ဆုံးဖြတ်မှုတွေလုပ်နေသလို တာဝန်ရှိသူများနဲ့ရော ပြည်သူထဲက လူထုလူတန်းစားအဖွဲ့အစည်းပေါင်းစုံထဲက လူတွေနဲ့ပါ တစ်ပတ် နှစ်ခါ၊ သုံးခါ Video Conferencing နဲ့ ပြည်သူ့အသံကိုနားထောင်၊ မြေပြင်အခြေအနေကို သိအောင် လုပ်ခဲ့တာမျိုးက မိမိတို့ တစ်နိုင်ငံတည်းမှာပဲ ရှိမယ်ထင်ပါတယ်။

### စနစ်တကျ တစ်ဆင့်ချင်းဆောင်ရွက်

တစ်ဖက်ကလည်း ထိခိုက်ယုတ်လျော့မှုတွေ လျှော့ချနိုင်အောင် ဖြေလျှော့မှုတွေကိုလည်း စနစ်တကျတစ်ဆင့်ချင်း ဆောင်ရွက်နေတာ တွေ့ကြရမှာပါ။ သွားလာမှုကန့်သတ်ထားတဲ့ မြို့တွေ၊ မြို့နယ်တွေကို ရောဂါပိုးတွေ့ရှိ ပျံ့နှံ့မှု၊ ထိန်းချုပ်နိုင်မှုအပေါ်မူတည်ပြီး တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ခြင်း၊ စက်ရုံ၊ အလုပ်ရုံတွေကို သတ်မှတ်ထားတဲ့ လိုက်နာရမယ့်စည်းကမ်းများ၊ ဆောင်ရွက်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းစေကာ ပြန်လည်ဖွင့်လှစ်ခွင့်ပေးခြင်း၊ စားသောက်ဆိုင်များ၊ အခြားအသေးစားလုပ်ငန်းများကိုလည်း အလားတူ စိစစ်ဖွင့်လှစ်စေခြင်း၊ အထက်တန်းကျောင်းများကိုလည်း အလားတူ စည်းကမ်းများ၊ လိုအပ်ချက်များချပေးကာ ပြည့်မီသည့်ကျောင်းတွေကို ဇူလိုင်လ ၂၁ ရက်မှစ၍ ဖွင့်ခွင့်ပေးခဲ့ခြင်း၊ ထပ်မံဖြည့်ဆည်းနိုင်သည့်ကျောင်းများကိုလည်း ဆက်လက်ဖွင့်စေခြင်း၊ လူစုလူဝေး ငါးယောက်ထက်ပိုမစုရ အမိန့်ကို ပထမ ၁၅ ယောက်၊ နောက်တစ်ကြိမ် အယောက် ၃၀ အထိ တစ်ဆင့်ချင်းခွင့်ပြုပေးခဲ့ခြင်း၊ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲများကိုလည်း အားကစားသမားများနှင့် တာဝန်ရှိသူများကို ပိုးစစ်ဆေးပြီး စည်းမျဉ်းစည်းကမ်းများချကာ အခြားနိုင်ငံများကဲ့သို့ ပွဲကြည့်ပရိသတ်မပါဘဲကျင်းပရန် စီစဉ်နေခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ စနစ်တကျ မနေမနားဆောင်ရွက်လျက် ရှိနေပါတယ်။

### အမိနိုင်ငံတော်ရဲ့စေတနာ

နောက်ထပ် မှတ်တမ်းတင်ရမယ့် ဆောင်ရွက်မှုကလည်း ကမ္ဘာ့နိုင်ငံအတော်များများမှာ လုပ်တာမတွေ့ရတဲ့ ကိစ္စပါ။ မြန်မာနိုင်ငံသားတွေထဲက ကမ္ဘာ့နိုင်ငံ အနှံ့အပြားကို ကျောင်းတက်ဖို့၊ အလုပ်လုပ်ဖို့၊ ဆေးကုဖို့၊ ဘုရားဖူးဖို့ဆိုတဲ့ အကြောင်းအမျိုးမျိုးတွေနဲ့ ရောက်နေကြရာက ဒီ ကိုဗစ်-၁၉ ရောဂါဖြစ်လာလို့ အဲဒီနိုင်ငံတွေမှာ ပိတ်မိနေကြတဲ့သူတွေကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး မိမိတို့နိုင်ငံရဲ့ လိုအပ်တဲ့ ဌာနပေါင်းစုံက တာဝန်ရှိသူတွေနဲ့ သက်ဆိုင်ရာနိုင်ငံများ၊ လေကြောင်းလိုင်းများနဲ့ညှိနှိုင်းကာ ကယ်ဆယ်ရေး လေယာဉ်(Relief Flight)တွေနဲ့ ပြန်လည်ခေါ်ဆောင်ခြင်းကို အဆက်မပြတ်လုပ်နေခြင်းဟာ နိုင်ငံတော်ရဲ့ သားသမီး နိုင်ငံသားတွေအပေါ်ထားရှိတဲ့ အမိနိုင်ငံတော်ရဲ့ စေတနာနဲ့ ဆောင်ရွက်ချက်ပါပဲ။

တချို့နိုင်ငံတွေမှာ ပြည်ပမှ နိုင်ငံတွင်း ဝင်ရောက်လာသူတွေကို သီးခြားခွဲပြီး နေထိုင်စေခြင်း လုပ်ဆောင်ရာမှာ မိမိအိမ်မှာပဲနေစေခြင်း(Home Quarantine) လုပ်ကြသလို Quarantine Period အချိန်ကာလကိုလည်း ၁၄ ရက်/ နှစ်ပတ်သာ လုပ်ကြတဲ့နိုင်ငံတွေ ရှိပါတယ်။ မိမိတို့နိုင်ငံက ပြည်ပမှ ပြန်လည်ရောက်ရှိလာတဲ့ နိုင်ငံသားများအပါအဝင် ပြည်ပမှ ဝင်ရောက်လာသူအားလုံးကို သတ်မှတ်ထားတဲ့ Quarantine Center တွေမှာ ၂၁ ရက်/ သုံးပတ်နေစေပါတယ်။ Community Facility Quarantine တွေမှာဆို ငွေကုန်ကြေးကျမရှိတာဟာ အလှူရှင်တွေနဲ့ လုပ်အားပေး Volunteer တွေရဲ့ မွန်မြတ်တဲ့စေတနာတွေကြောင့်ပါ။

### အံ့ဩချီးမွမ်းကြရတဲ့လုပ်ဆောင်မှု

ပထမပိုင်းမှာ အားလုံးကို မလုပ်ပေးနိုင်ခဲ့ပေမယ့် အခုနောက်ပိုင်း Quarantine ဝင်ရတဲ့လူ အားလုံးကို နှစ်ကြိမ်တိတိ ရောဂါပိုး ရှိ/ မရှိ အခမဲ့စမ်းသပ်ပေးတာကလည်း သူများနိုင်ငံတွေ အံ့ဩချီးမွမ်းနေကြရတဲ့ လုပ်ဆောင်မှုပါပဲ။ Quarantine သုံးပတ်ပြည့် ပိုးစစ်တာ နှစ်ကြိမ်လုံး ကင်းစင်သူတွေကို နောက်ထပ်တစ်ပတ် အိမ်မှာ ထပ်ပြီး (Home Quarantine)အနေနဲ့ နေကြစေခြင်းကို မိမိတို့နိုင်ငံမှာ စနစ်တကျ ကျင့်သုံးလျက်ရှိတာပါ။

လက်ရှိအချိန်မှာ ကိုဗစ်-၁၉ အတွက် ကာကွယ်ထိန်းသိမ်းကုသမှုတွေနဲ့ ဖြေလျှော့မှုတွေကို ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေကြပေမယ့် ဒီကိုဗစ်-၁၉ရောဂါဆိုးရဲ့ မှန်းဆလို့မရသေးတဲ့ အချက်တွေကြောင့် ကြိုတင်ခန့်မှန်းထားကြသလိုပဲ နိုင်ငံအတော်များများမှာ ရောဂါပြန်ပြီး ကူးစက်တာတွေ၊ ရောဂါကြောင့် သေဆုံးကြတဲ့သတင်းတွေ နေ့စဉ်နဲ့အမျှ တွေ့မြင်ကြားသိနေကြရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ပါမောက္ခသိန်း**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**
**(၁၅-၈-၂၀၂၀)**

**ဒုတိယဖော်ပြချင်တာကတော့ ရပ်ဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးရဲ့ ကြီးမားမြင့်မြတ်လှတဲ့ စေတနာ၊ မေတ္တာနဲ့ လူမှုရေးစိတ်ဓာတ်ပါ။ မြန်မာလူမျိုးတို့ရဲ့** Charity Spirit **အများအပေါ် စေတနာထားလှူဒါန်းပံ့ပိုးလိုမှု စိတ်ဓာတ်က ကမ္ဘာပေါ်မှာ ထိပ်ဆုံးက ရပ်တည်နေတာ ကြာလှပါပြီ။ အဲဒီအကျင့်ကောင်းဓလေ့ကောင်းကိုလည်း ကိုဗစ်-၁၉ ကာလမှာ ဝမ်းမြောက်ဂုဏ်ယူရလောက်အောင် တွေ့ခဲ့ရပါတယ်။**

## ပင်လည်ဘူးမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ပင်လည်ဘူး ဩဂုတ် ၁၇**

ပင်လည်ဘူးမြို့နယ်တွင် ပထမဆုံးအကြိမ်ကျင်းပသော ပင်းကြိုင်းကျေးရွာ တောင်သူ ဦးအောင်သန်းဝင်း၏ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်မွေးမြူခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်က စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ရသည့် ရည်ရွယ်ချက်၊ စပါး-ငါး တွဲဖက်မွေးမြူနည်းစနစ်များ၏ အကျိုးရလဒ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများအား စပါး-ငါး မွေးမြူနည်းစနစ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ဘိုကလေးမြို့နယ် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ဘိုကလေး ဩဂုတ် ၁၇**

ဘိုကလေးမြို့နယ်၏ ၂၀၁၉-၂၀၂၀ လုပ်ငန်းရာသီအတွက် ကြေးတိုင်ရအင်းသားကြီးများ၏ ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဘိုကလေးမြစ်၊ ကျိုက်ပိမြစ်နှင့် ဂုန်ညင်းတန်းမြစ်ဆုံရာ သဇင်ငူရွာအနီးရှိ ဆက်စပ်နေသော ကြေးတိုင်အင်းရေိယာများအတွင်းသို့ ငါးတန် ငါးသားပေါက်နှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၆၈၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့သည်။

အခမ်းအနားသို့ ဘိုကလေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး၊ ကြေးတိုင်အင်းစိစစ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ ကြေးတိုင်ရအင်းသားကြီးများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၀ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပေါက်တော(အရှေ့)ကျေးရွာနေ ဇော်လင်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ပေါက်တော (အရှေ့) ကျေးရွာနေ ဇော်လင်းအောင်(၃၇)နှစ်၊ (ဘ) ဦးကင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ) ၁၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လျှော်ဖြူကုန်းကျေးရွာနေ ဇော်မင်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ခန်သာ-ဆင်ကုန်း ကျေးရွာသွားလမ်းပေါ်၌ လျှော်ဖြူကုန်းကျေးရွာနေ ဇော်မင်းနိုင် (၄၁)နှစ်၊ (ဘ) ဦးမောင်ညွန့် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ) ၁၄၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ဖဲကဇက်ရွာနေ ဦးမျိုးဆန်းကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ဖဲကဇက်ရွာနေ မျိုးဆန်းကျော်(၄၂)နှစ်၊ (ဘ)ဦးအောင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၆၁ /၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာနေ အောင်ဇော်ဦး(၄၁)နှစ်၊ (ဘ)ဦးဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ (ပ)၁၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ အောက်လိပ်ကျေးရွာနေ ဇာနည်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အောက်လိပ် ကျေးရွာနေ ဇာနည်ထွန်း(၃၇)နှစ်၊ (ဘ)ဦးထွန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း)မယ(ပ) ၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်နေ မဖူးပွင့်သက်သည် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ သီရိ မာလာ အနောက်ရပ်ကွက်နေ မဖူးပွင့်သက်(၂၉)နှစ်၊ (ဘ) ဦးငယ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၅-အောင်မြေသာစံ) မယ(ပ) ၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်နေ မောင်မောင်နှင့် ဒေါ်စိုးပပအောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်နေ မောင်မောင်(ခ)မောင်မောင်မြင့်(၄၈)နှစ်၊ (ဘ) ဦးတင်မောင် ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီးဖြစ်သူ ဒေါ်စိုးပပအောင်(၄၃)နှစ်၊ (ဘ) ဦးအောင်မျိုးတို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ-လှိုင်သာယာ(အရှေ့ပိုင်း)မယ(ပ)၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်နေ ဖိုးသန်းအေးသည်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၌ ဖိုးသန်းအေးအမည်အား စိစစ်စုံစမ်းရှာဖွေ ရာ(၁၄)ရပ်ကွက်တွင်နေထိုင်လျက်ရှိကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းရပ်ကွက်နေ ဖိုးသန်းအေး(ခ) သန်းအေး(၃၅)နှစ်၊ (ဘ)ဦးညွန့်ခင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ)၃၄/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်နေ မိုးဒီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ ရတနာသီရိ ရပ်ကွက်နေ မိုးဒီ(၁၉)နှစ်၊ (ဘ)ဦးအောင်မြင့်၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ခန့်ဝေထိုက်(ခ)ချာလီ(၃၉)နှစ်၊ (ဘ) ဦးမောင်မောင်တင် တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၄၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၅-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၂၈၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၅၃)ဦး၊ မ(၃၂၆) ဦး၊ ပေါင်း(၁၉၇၉)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၄၉.၉၆၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၄၃၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၉၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၆၅၀၆၃)ပြား၊ ဆေးခြောက်(၁၃၄၇၄.၃၆) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ “မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန” အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# ပဉ္စမအကြိမ် သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၇**

ပဉ္စမအကြိမ် သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မက်စ် ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုသင်တန်းတွင် ပို့ချမည့် သုတေသနနည်းနာနိဿယများ (Research Methodology)၊ ပြည်သူ့ ဆက်ဆံရေး (Public Relations) နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာပညာ (Information Management) တို့သည် ရာထူး တာဝန်အသီးသီးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် မဖြစ်မနေ တတ်ကျွမ်းသင့်သည့် ပညာရပ်များ ဖြစ်ကြပါကြောင်း၊ ခေတ်ကာလ ပြောင်းလဲလာသည့်အလျောက် ဤပညာရပ်များမှာလည်း ပြောင်းလဲတိုးတက်လာခဲ့သည့်အတွက် မိမိတို့အနေဖြင့် စဉ်ဆက်မပြတ် လေ့လာနေရန် လိုအပ်ပါကြောင်း။

အခြားတစ်ဖက်တွင် စတုတ္ထစက်မှုတော်လှန်ရေးဟုခေါ်သည့် ဒစ်ဂျစ်တယ်နည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်လာပါကြောင်း၊ အကျိုးဆက်အနေဖြင့် လူအများက သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးအစီအစဉ်များ ရယူရန်နှင့် အများနှင့်ဆက်သွယ်ပြောဆိုရန် အွန်လိုင်းပလက်ဖောင်းများကို အဓိက အသုံးပြုလာကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူကြိုက်အများဆုံး အွန်လိုင်း ပလက်ဖောင်းဖြစ်သည့် ဖေ့စ်ဘွတ်ခ်ေါ် ဆိုရှယ်မီဒီယာအသုံးပြုသူသည် ဇန်နဝါရီလကုန်တွင် ၂၂ သန်း ကျော်ရှိခဲ့ရာမှ ဇူလိုင်လကုန်တွင် ၂၈ သန်းကျော်အထိ တစ်ဟုန်ထိုး တိုးတက်လာသည်ဟု သိရှိရပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချလိုက်သည့် ပညာရပ်များကို ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်နှင့် ပေါင်းစပ်အသုံးပြုနိုင်အောင် စဉ်ဆက်မပြတ် ကြိုးစားနေရန် လိုအပ်ပါကြောင်း။

သင်တန်းမှ ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို ဌာနအတွက်၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် အသုံးချစေလိုကြောင်းနှင့် သင်တန်းတက်ရောက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ပြန်လည်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Panna Institute မှ ပညာရပ်ဆိုင်ရာ အကြံပေး ဒေါက်တာ တင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Konrad Adenauer Stiftung (KAS) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Thomas Knirsch က KAS ၏ ဦးတည်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ယခုဖွင့်လှစ်သည့် ပဉ္စမအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်း အချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဩဂုတ် ၂၁ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ဦးရေ ၃၀ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းကို ယခုနှစ်အတွင်း ဆက်လက်၍ နှစ်ကြိမ်ဖွင့်လှစ်ရန် စီစဉ်လျာထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဝက်လက်မြို့နယ်ရှိ ဟန်လင်းကမ္ဘာ့အမွေအနှစ်ဒေသနှင့် ချောင်းဦးမြို့နယ် အမြင့်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှု၊ တူးဖော်ထိန်းသိမ်းထားသော Site museum နှင့် ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့်အတူ ဟန်လင်းကမ္ဘာ့အမွေအနှစ်ဒေသရှိ ပန်းပဲ ဝန်မင်းစေတီသို့ ရောက်ရှိရာ ကမ္ဘာ့အမွေအနှစ်ဌာနခွဲ ဟန်လင်းဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေဂူကြီးဘုရားသို့ သွားရောက်ဖူးမြော်ကာ ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ၁၉၆၃ ခုနှစ်က တူးဖော်သုတေသနပြုကာ Site museum အဖြစ် ထိန်းသိမ်းပြသထားသည့် ကုန်းအမှတ် (၁၇) နှင့် ၂၀၀၅ ခုနှစ်က တူးဖော်သုတေသနပြု ထိန်းသိမ်းထားသော ကုန်းအမှတ် (၂၆) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကမ္ဘာ့အမွေအနှစ်ဌာနခွဲ ဟန်လင်းဌာနစု လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအေးက တူးဖော်သုတေသနပြုလုပ်မှုအခြေအနေ၊ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုဟန်လင်းဒေသသည် ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရသည့် အားလျော်စွာ UNESCO ၏ ကမ္ဘာ့အမွေအနှစ်ဒေသများ ထိန်းသိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း/ စည်းကမ်းများနှင့် ကိုက်ညီစွာထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ လာရောက်လေ့လာကြည့်ရှုသူများအတွက် တကူးတက လာရောက်လေ့လာရသည်နှင့် ထိုက်တန်အောင် ဂုဏ်ယူဖွယ်ရာ ကမ္ဘာ့အမွေအနှစ်ပြယုဂ်များကို ဖော်ထုတ်စုဆောင်း ထိန်းသိမ်းပြသထားရန် လိုအပ်ကြောင်း၊ နောင်နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့စေရေးအတွက် ထိန်းသိမ်းကြရန်နှင့် သမိုင်းကြောင်း အချက်အလက်များ ပိုမိုခိုင်မာစေရေးအတွက် စူးစမ်းလေ့လာမှု မပြတ်ပြုလုပ်ရန် လိုအပ်ကြောင်း၊ မြေပြင်တူးဖော် သုတေသနပြုချက်များအရ ရရှိလာသည့် အထောက်အထားများနှင့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို တိုက်ဆိုင်ကြည့်ရှုကာ ပိုမိုတိကျသည့်မှတ်တမ်းများ ထားရှိသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိရာ ဦးစီးအရာရှိ ဒေါ်ချယ်ရီသင်းက ပြတိုက်တွင် ကျောက်ခေတ်ကာလမှစတင်၍ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်ကာလ ယဉ်ကျေးမှုအမွေအနှစ်များ ခင်းကျင်းပြသထားရှိမှု အခြေအနေ၊ ဒေသခံများကလည်း ရှေးဟောင်းပစ္စည်းများ တွေ့ရှိစုဆောင်းရမှုများ လာရောက်အပ်နှံလျက်ရှိရာ ဌာနက ဂုဏ်ပြုမှတ်တမ်းတင်၍ ပြတိုက်တွင် ပြသမှုအခြေအနေ၊ ဟန်လင်း ပျူမြို့ဟောင်းတွင် ပြင်သစ်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ပူးပေါင်းသုတေသနပြုချက်အရ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ခန့်ကာလ ကျောက်ခေတ်သစ်မှ စတင်၍ လူနေထိုင်မှုများရှိကာ ကြေးခေတ်၊ သံခေတ်လူနေမှု အကြွင်းအကျန်များ ခိုင်မာစွာတွေ့ရှိခဲ့မှုအခြေအနေ၊ ယင်းကာလမှ ဆက်လက်၍ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်ကာလများအထိ လူနေထိုင်မှုများရှိကာ ယနေ့ကာလအထိ ဟန်လင်းကျေးရွာတွင် ဆက်လက်နေထိုင်ခဲ့ကြသည့် နှစ်ပေါင်းထောင်ချီ တစ်ဆက်တစ်စပ်တည်း လူနေမှုရှိခဲ့သည့် သမိုင်းခေတ်များ ဖော်ထုတ်တွေ့ရှိခဲ့သည့် အခြေအနေနှင့် ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်ကို ပိုမိုစုံလင်စွာ ခင်းကျင်းပြသသွားနိုင်ရန်အတွက် ထပ်မံတိုးချဲ့တည်ဆောက်ကာ ပြသသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ဟန်လင်းဌာနစုရှိ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်ဒေသရှိ ပြည်ထောင်စုရန်ပုံငွေဖြင့် ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်လက်ရာ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းခြင်းဆောင်ရွက်ခဲ့သည့် မင်းရဲတိုက်ဘုရားစုရှိ ဘုရားအမှတ် အမ - ၁၂၁၊ မင်းအိုချမ်းသာဘုရားစုရှိ ဘုရားအမှတ် အမ-၁၀၀ တို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဘုရားရှစ်ဆူအနက် ဘုရားအမှတ် အမ - ဝ၅၅၊ ဝ၅၆၊ ဝ၆ဝ၊ အလယ်တိုက်ဘုရားစုရှိ ဘုရားအမှတ် အမ-ဝ၆၁ တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပပြီးစီးမှုနှင့်စပ်လျဉ်း၍ မီဒီယာများအား ရှင်းလင်းပြောကြား



**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ(SNLD)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး စိုင်းကျော်ညွန့်တို့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**အတည်ပြုပေးခဲ့**

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ (၁၉) ကြိမ်မြောက် UPDJC အစည်းအဝေးတွင် သဘောတူဆုံးဖြတ်ချက်ကိုးချက်နှင့် မှတ်တမ်းတစ်ချက်ရရှိပါကြောင်း၊ အထူးသဖြင့် ညီလာခံကျင်းပမည့်ရက်များ၊ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ၊ UPDJC ၏ လုပ်ထုံးလုပ်နည်းများအရ အဖွဲ့ဝင်များအား အစအဆုံးတာဝန်ပေးမှုအပြင် (၉)ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များကို UPDJC တွင် မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ၏ အပိုင်း(၁)၊ အပိုင်း (၂)၊ အပိုင်း (၃) တို့ကိုလည်း ညီလာခံသို့တင်သွင်းရေးကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်၏ အပိုင်း (၃) အပိုင်း (၁)တွင် ပါဝင်သည့် UPDJC နှင့် သက်ဆိုင်သည့် အပိုင်းတွင် နိုင်ငံရေးပါတီများက ဆောင်ရွက်မည့် အခန်းကဏ္ဍနှင့်ပတ်သက်၍လည်း သဘောတူညီချက် ရခဲ့ပါကြောင်း၊ ညီလာခံတွင် UPDJC နှင့် JMC အစီရင်ခံစာ တင်သွင်းမည့် ကိစ္စများကိုလည်း သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း၊ ထို့ပြင် ညီလာခံတွင် တာဝန်ယူမည့် သဘာပတိအဖွဲ့ဝင်များကိုလည်း အတည်ပြုနိုင်ပါကြောင်း၊ ညီလာခံနှင့်ပတ်သက်၍ လုပ်ငန်းတာဝန်ခွဲဝေမှုများအပြင် ညီလာခံတွင် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကိုလည်း UPDJC က အတည်ပြုပေးခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် NMSP ဗဟိုကော်မတီဝင် နိုင်အောင်မငေးက ယနေ့ကျင်းပသည့် UPDJC အစည်းအဝေးတွင် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ မည်သည့်အစီအစဉ်များ ချမှတ်မည်၊ ပြည်ထောင်စုသဘောတူစာချုပ်တွင် မည်သည့်အချက်များကို ထည့်သွင်းချုပ်ဆိုသွားမည်ဆိုသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် UPDJC တွင် EAO အစုအဖွဲ့ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲတာဝန်ပေးမှု၊ ညီလာခံတွင် မည်သည့်အစီအစဉ်များ လုပ်ဆောင်မည်၊ မည်သည့်ပုံစံများဖြင့် လုပ်ဆောင်မည်ဆိုသည်ကို လုပ်ငန်းတာဝန်များ ခွဲဝေခဲ့ကြပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ချက် ကိုးချက်နှင့် မှတ်တမ်းတစ်ချက် ရရှိခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ထူးထူးခြားခြားလုပ်ဆောင်ချက်**

ဆက်လက်၍ SNLD တွဲဖက်အထွေထွေအတွင်းရေးမှူး စိုင်းကျော်ညွန့်က ယနေ့အစည်းအဝေးတွင် နိုင်ငံရေးပါတီအစုအဖွဲ့အနေဖြင့် ထူးထူးခြားခြား လုပ်ဆောင်ချက်တစ်ချက်ရှိပါကြောင်း၊ ယခုညီလာခံတွင် တင်သွင်းမည့် ပြည်ထောင်စုသဘောတူစာချုပ်တွင် ပါဝင်မည့်သဘောတူညီချက်ကို NCA ရေးထိုးအရ နှစ်ဖက်ရေးသားရာတွင် နိုင်ငံရေးပါတီအစုအဖွဲ့ မပါသကဲ့သို့ ဖြစ်နေပါကြောင်း၊ ယင်းကိစ္စများအတွက် JICM ပြန်လည်ခေါ်ဆိုမည်ဆိုပါကလည်း အချိန်ကာလအရ အဆင်မပြေပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်တွင်ပါမည့် နှစ်ဖက်စကားရပ်များသည် နောက်ပိုင်းတွင် ပုံစံတစ်မျိုးဖြစ်လာနိုင်ပါကြောင်း၊ လောလောဆယ်သဘောတူချက်များ အကောင်အထည်ဖော်ရာတွင် UPDJC နှင့်သက်ဆိုင်သည့် ကိစ္စရပ်ဆိုလျှင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည့်ပုံစံကို ယခု UPDJC အစည်းအဝေးတွင် ချမှတ်ခဲ့ပါကြောင်း၊ ကျန်ရှိသည့် အကြောင်းအရာများမှာ ညီလာခံဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) မှ တွဲဖက်အထွေထွေအတွင်းရေးမှူး စိုင်းကျော်ညွန့်တို့သည် သတင်းမီဒီယာများ မေးမြန်းသည့် မေးခွန်းများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲ အပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်အစုအဖွဲ့မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ညီလာခံကိုယ်စားလှယ်များကို နေပြည်တော်စည်ပင်ဧည့်ရိပ်သာအမှတ်(၂) စားရိပ်သာဆောင်၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက စတုတ္ထအကြိမ် ညီလာခံတွင် ကျင်းပမည့် ညီလာခံအစီအစဉ်များ၊ ညီလာခံကိုယ်စားလှယ်များ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း ဖြစ်ပေါ်လာပုံတို့ကိုလည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးလှမောင်ရွှေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေး ရက်အလိုက် ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**သတင်း- မျိုးဟန်စိုး၊ ဓာတ်ပုံ-ထိုက်ကြီး**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံပေါင်း ၃၀ ကျော်၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁၀၀၀ ကျော်စီရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား



အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးနေသည်ကို တွေ့ရစဉ်။

ပေကျင်း ဩဂုတ် ၁၇
နိုင်ငံပေါင်း ၃၀ ကျော်၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁၀၀၀ ကျော်စီရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၁၆ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀ ကျော်အထိရှိသည့် နိုင်ငံလေးနိုင်ငံရှိပြီး အိန္ဒိယနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်သူ ၆၅၀၀၂ ဦး၊ ဘရာဇီးနိုင်ငံတွင် ၆၀၀၉၁ ဦး၊ အမေရိကန်နိုင်ငံတွင် ၅၂၇၉၉ ဦးနှင့် ကိုလံဘီယာနိုင်ငံတွင် ၁၁၂၈၆ ဦး အသီးသီးရှိကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရေအတွက် ၁၀၀၀ နှင့် ၁၀၀၀၀ အကြားရှိသည့် နိုင်ငံများမှာ လက်တင်အမေရိက၊ ဥရောပနှင့် အာရှတို့မှဖြစ်ကြောင်းလည်း သိရသည်။

လက်တင်အမေရိကနိုင်ငံများ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ပီရူးနိုင်ငံတွင် ၉၄၄၁ ဦး၊ အာဂျင်တီးနားနိုင်ငံတွင် ၇၄၉၈ ဦး၊ မက္ကဆီကိုနိုင်ငံတွင် ၇၀၀၀၊ ချီလီနိုင်ငံတွင် ၂၀၇၇ ဦး၊ ဘိုလီဗီးယားနိုင်ငံတွင် ၁၃၈၈ ဦး၊ ဒိုမီနီကန်သမ္မတနိုင်ငံတွင် ၁၃၅၄ ဦး၊ ဗင်နီဇွဲလားနိုင်ငံတွင် ၁၂၈၁ ဦး၊ ဂွါတီမာလာနိုင်ငံတွင် ၁၁၄၄ ဦး၊ ကော်စတာရီကာနိုင်ငံတွင် ၁၀၇၂ ဦး၊ ပနားမားနိုင်ငံတွင် ၁၀၆၉ ဦးနှင့် အီကွေဒေါနိုင်ငံတွင် ၁၀၆၆ ဦး အသီးသီးရှိခဲ့ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

ဥရောပ၏ နေ့စဉ်ကူးစက်မှုကိုကြည့်မည်ဆိုပါက စပိန်နိုင်ငံတွင် ၅၄၇၉ ဦး၊ ရုရှားနိုင်ငံတွင် ၅၀၆၁ ဦး၊ ပြင်သစ်နိုင်ငံတွင် ၂၆၆၇ ဦး၊ ယူကရိန်းနိုင်ငံတွင် ၁၈၄၇ ဦး၊ ဗြိတိန်နိုင်ငံတွင် ၁၄၄၀၊ ဂျာမနီနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့တွင် ၁၄၁၅ ဦးစီအထိရှိကြောင်း သိရသည်။

အာရှ၏ နေ့စဉ်ကူးစက်မှုအများဆုံးမှာ ဖိလစ်ပိုင်နိုင်ငံက ၆၁၃၄ ဦးဖြင့် အများဆုံးဖြစ်ပြီး အီရတ်နိုင်ငံက ၄၀၁၃ ဦး၊ အီရန်နိုင်ငံက ၂၅၀၁ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၇၆၆ ဦး၊ အင်ဒိုနီးရှားနိုင်ငံက ၂၃၀၇ ဦး၊ ကာဇက်စတန်နိုင်ငံ က ၁၈၄၇ ဦး၊ ဆော်ဒီအာရေဗျနိုင်ငံက ၁၃၈၃ ဦး၊ ဂျပန်နိုင်ငံက ၁၃၆၀ နှင့် တူရကီနိုင်ငံက ၁၂၂၆ ဦး အသီးသီးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး နှစ် ၂၀ ကျော်အတွင်း အဆိုးရွားဆုံး ကျဆင်း

ဗန်ကောက် ဩဂုတ် ၁၇
ကိုရိုနာဗိုင်းရပ်စ်ကြောင့် အရေးပါသော ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုရှိခဲ့ရာ ထိုင်းနိုင်ငံ၏စီးပွားရေးမှာ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော် အာရှငွေကြေး အကျပ်အတည်းနောက်ပိုင်း အဆိုးရွားဆုံး ကျဆင်းမှုကြုံတွေ့ခဲ့ကြောင်း ယနေ့ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထိုင်းနိုင်ငံက ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံပြင်ပ ဗိုင်းရပ်စ်ကူးစက်မှု ပထမဆုံး မှတ်တမ်းတင်သည့် နိုင်ငံဖြစ်ခဲ့ပြီး လက်ရှိအချိန်ထိ ကူးစက်မှု ၃၃၀၀ ခန့်နှင့် သေဆုံးသူ ၅၈ ဦးရှိသည်။ သို့သော် သွားလာမှုကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်ခဲ့ရကာ စီးပွားရေးမှာ ဒုတိယသုံးလပတ်တွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု အမျိုးသားစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကောင်စီရုံး(NESDC)က ပြောသည်။ "ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေး ၁၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၁၉၉၈ ခုနှစ် အာရှငွေကြေးအကျပ်အတည်းထက် ပို၍ဆိုးရွားခဲ့ပါတယ်"ဟု NESDC ၏ အတွင်းရေးမှူးချုပ် ဆာပွန်ဆီရီဆွမ်ဖန်းက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ်မှီခိုမှုကြောင့် ဒေသတွင်း၌ အဆိုးရွားဆုံးနိုင်ငံအဖြစ် ဆက်ရှိနေသည်ဟု စင်ကာပူအခြေစိုက် Capital Economics မှ စီးပွားရေးပညာရှင် အဲလက်ဟုမ်းစ်က ပြောသည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား သန်း ၄၀ ဝန်းကျင် လာရောက်မည်ဟု မျှော်မှန်းခဲ့သော်လည်း မတ်လအတွင်း ကမ္ဘာတစ်ဝန်း ကပ်ရောဂါကြောင့် သွားလာမှုကန့်သတ်ချက်များပြုလုပ်ချိန် ခရီးသွားလုပ်ငန်းက ပထမဆုံးသော ထိခိုက်သည့်လုပ်ငန်း ဖြစ်လာခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားများ မလာရောက်မှုကြောင့် ခရီးသွားလုပ်ငန်းရှိ ဖျော်ဖြေရေးလုပ်ငန်း၊ လက်လီအရောင်းဆိုင်၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ ထိခိုက်ခဲ့ရသည်။

ထိုင်းအစိုးရက ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန် ကြိုးပမ်းခဲ့ပြီး ခရီးသွားလုပ်ငန်းများကို ငွေကြေးမတည်ရန် မေလအတွင်း စံချိန်တင်ငွေကြေး ထောက်ပံ့ရေးအစီအစဉ် သတ်မှတ်ခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ဘေးသင့် ခရီးသွားလုပ်ငန်းအတွက် အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၂၅၇ သန်း သုံးစွဲမည်



ဂျကာတာ ဩဂုတ် ၁၇
နိုင်ငံတွင်းရှိ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများသို့ မက်လုံးများ ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဖော်ထုတ်ရန် အင်ဒိုနီးရှား အစိုးရက အမေရိကန်ဒေါ်လာ ၂၅၇ သန်းနှင့်ညီမျှသည့် အင်ဒိုနီးရှားရူပီး ၃ ဒသ မ ၈ ထရီလီယံ ခွဲဝေသတ်မှတ်မည်ဖြစ်သည်။

အစိုးရ၏ မက်လုံးများတွင် ထောက်ပံ့ငွေနှင့် ဝင်ငွေအခွန် ဖြတ်တောက်မှုတို့ ပါဝင်ကြောင်း သမ္မတရုံး ဒုတိယအကြီးအကဲ ဖာဘရီ ကယ်ဗင်တီတီလတ်တာက ပြောကြားခဲ့သည်။ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားကုမ္ပဏီများ၊ ကြော်ငြာနှင့် ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ အစိုးရ၏ အထောက်ပံ့ပိုးမှုများကို ခံစားနိုင်ကြောင်း ၎င်းက ပြောသည်။ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကာလအတွင်း ခရီးသွားလုပ်ငန်းမှာ ထိခိုက်မှုအများဆုံးကဏ္ဍဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်မည့် ပြည်ပခရီးသွား အရေအတွက်မှာ ပြီးခဲ့သည့်နှစ် အရေအတွက် ၁၆ သန်းထက် နည်းပါးပြီး ၅ သန်းသာရှိမည်ဟု ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဝန်ကြီးဌာနက မျှော်မှန်းသည်။ အလားတူ ပြည်တွင်း ခရီးသွား အရေအတွက်မှာ ယမန်နှစ်က ၃၀၃ သန်းရှိရာမှ ယခုနှစ်တွင် သန်း ၁၂၀ အထိ လျော့နည်းမည်ဟု ခန့်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေမှာ ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ ရည်မှန်းထားရာ ၁၅ ဘီလီယံအထိ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

**ကိုးကား - ဗွီအင်န်အေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ကနေဒါနိုင်ငံအစိုးရဌာနများ၏ ဆိုရှယ်မီဒီယာအကောင့် ထောင်ပေါင်းများစွာ ဆိုက်ဘာတိုက်ခိုက်ခံရ

အော့တဝါ ဩဂုတ် ၁၇
ကနေဒါအစိုးရ၏ အွန်လိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ဆိုရှယ်မီဒီယာ အကောင့်များမှာ ဆိုက်ဘာတိုက်ခိုက်မှုခံရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အစိုးရဌာန ၃၀ နှင့် အခွန်အေဂျင်စီတို့မှအသုံးပြုနေသော ကွန်ပျူတာကွန်ရက်ဖြစ်သည့် GC Key service ကို ဆိုက်ဘာတိုက်ခိုက်မှု ခံခဲ့ရခြင်းဖြစ်ကြောင်း ကနေဒါငွေကြေးဘုတ်အဖွဲ့မှ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းဆိုက်ဘာတိုက်ခိုက်မှုမှ GC Key service ၏ သုံးစွဲသူအမည်ဖြင့် အစိုးရ၏ လုပ်ငန်းများကို ဝင်ရောက်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




အဆိုပါ ကွန်ပျူတာကွန်ရက်မှ ဆိုက်ဘာတိုက်ခိုက်သူများအသုံးပြုခဲ့သော ဆိုရှယ်မီဒီယာအကောင့်များကို ပယ်ဖျက်ခဲ့ကြောင်း သိရသည်။ ယခုတိုက်ခိုက်မှုများတွင် ကနေဒါအခွန်ဌာနမှ ဆိုရှယ်မီဒီယာအကောင့် ၅၅၀၀ တိုက်ခိုက်ခံရပြီး ထိုတိုက်ခိုက်ခံရသော အကောင့်များ၏ သုံးစွဲခွင့်ကို အခွန်ပေးဆောင်သူများ၏ အချက်အလက်များ ပျံ့နှံ့သွားမည်ကို ထိန်းသိမ်းသည့်အနေဖြင့် ရပ်ဆိုင်းထားကြောင်း သိရသည်။

အစိုးရတာဝန်ရှိသူများက ယခု ဆိုက်ဘာတိုက်ခိုက်မှုတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များကို ချိုးဖောက်ရယူခြင်းရှိ၊ မရှိနှင့် ယင်းဆိုရှယ်မီဒီယာအကောင့်များ၏ အချက်အလက်များကို မည်ကဲ့သို့ ရယူသွားခဲ့သည်ကို သိရှိနိုင်ရန် စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။ ကနေဒါဗဟိုဘဏ်၏ ပြောကြားချက်အရ ဩဂုတ်လအစပိုင်းမှစတင်ပြီး ကနေဒါအခွန်ဌာနနှင့် ချိတ်ဆက်ထားသော မိမိတို့၏ ဘဏ်စာရင်းဆိုင်ရာအချက်အလက်များပြောင်းလဲသွားကြောင်း ကနေဒါနိုင်ငံသားများက အသိပေးချက်ကိုရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၂၁၈၇၇၅၂၀ ဦး

သေဆုံးသူ ၇၇၃၈၅၄ ဦး

ပြန်လည်ကျန်းမာလာသူ ၁၄၅၉၈၇၁၄ ဦး

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအသစ်များ ဖြစ်ပွားမှုကြောင့် နယူးဇီလန်ရွေးကောက်ပွဲကျင်းပမည့်ရက် ရွှေ့ဆိုင်း



**ဝယ်လင်တန် ဩဂုတ် ၁၇**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်နေခြင်းကြောင့် စက်တင်ဘာလအတွင်း ကျင်းပရန်စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲကို နောက်ထပ်ရက်သတ္တလေးပတ်ခန့် ရွှေ့ဆိုင်းလိုက်ကြောင်း နယူးဇီလန်အစိုးရက ပြောကြားသည်။

နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က အထွေထွေရွေးကောက်ပွဲ မဲပေးရမည့်ရက်သည် စက်တင်ဘာ ၁၉ ရက်အစား အောက်တိုဘာ ၁၇ ရက်တွင် ဖြစ်လိမ့်မည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်မှုများ တိုးပွားလာခြင်းကြောင့် အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်မည်ကို စိုးရိမ်မိကြောင်း ၎င်းကပြောကြားသည်။

နယူးဇီလန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာထားမှုကို မေလအတွင်းက ပြန်လည်ရုပ်သိမ်းပေးခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ကြောင်း ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းများအပေါ် ကန့်သတ်မှုများကိုလည်း ဖယ်ရှားခဲ့သည်။

သို့သော် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့၌ ခြေရာခံမရသည့်ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်ဖြစ်ပွားမှုအသစ်များကို တွေ့ရှိခဲ့ရပြီး ယင်းသည် နယူးဇီလန်နိုင်ငံ၌ သုံးလအကြာကာလအတွင်း ပထမဆုံး ဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်ဖြစ်ပွားခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုမှာ တစ်ရက်လျှင် ၁၀ ဦးအထိ ဖြစ်ပွားခဲ့ပြီး အစိုးရက ကန့်သတ်ချက်များအား ထပ်မံတိုးမြှင့်လုပ်ဆောင်ရန် တွန်းအားပေးခဲ့သည်။ နယူးဇီလန်တွင် လူ ၁၀၀ ထက်ပို၍ စုရုံးခြင်းကို တားမြစ်ထားသည်။

စစ်တမ်းများအရ နယူးဇီလန်ဝန်ကြီးချုပ် အာဒန်၏ ပါတီသည် လာမည့် အထွေထွေရွေးကောက်ပွဲ၌ လူထု ထောက်ခံမှု ၅၀ ရာခိုင်နှုန်းကျော် ရရှိထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅ ဒသမ ၄ သန်းရှိလာ

**နယူးယောက် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၅ ဒသမ ၄ သန်းနှင့် သေဆုံးသူ ပေါင်း ၁၇၀၀၀၀ ဖြင့် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်သိပ္ပံနှင့် အင်ဂျင်နီယာဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၇ မိနစ်ထိ အမေရိကန်နိုင်ငံ၌ စုစုပေါင်း အတည်ပြုလူနာ ၅၄၀၀၁၈၀ ဦးနှင့် သေဆုံးသူ ၁၆၉၉၅၅ ဦး ရှိခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်သိပ္ပံနှင့် အင်ဂျင်နီယာဌာနက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ ကယ်လီဖိုးနီးယား ပြည်နယ်သည် ရောဂါကူးစက်မှု အဆိုးရွားဆုံး ခံစားနေရပြီး စုစုပေါင်းအတည်ပြုလူနာ ၆၂၄၂၇ ဦးရှိကြောင်း၊ ယင်းနောက်တွင် ဖလော်ရီဒါတွင် ၅၇၃၄၁၆ ဦး ၊ တက္ကဆက်တွင် ၅၅၄၈၂၆ ဦးနှင့် နယူးယောက်တွင် ၄၂၅၅၀၈ ဦးရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ ၁၈၀၀၀၀ အထက်ရှိသည့် ပြည်နယ်များမှာ ဂျော်ဂျီယာ၊ အီလီနွိုက်၊ အရီဇိုးနားနှင့် နယူးဂျာစီပြည်နယ်တို့ဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆက်လက်မြင့်တက်နေဆဲ**

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ် အဆိုးရွားဆုံးခံစားနေရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေပြီး ကူးစက်မှုနှင့် သေဆုံးမှုပမာဏလည်း နေ့စဉ် ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကမ္ဘာလုံးဆိုင်ရာလေကြောင်းလုပ်ငန်းများ ပုံမှန်အနေအထားရောက်ရှိရန် အချိန်ကြာမြင့်မည်

**တိုကျို ဩဂုတ် ၁၇**

ကမ္ဘာလုံးဆိုင်ရာ လေကြောင်းလုပ်ငန်းသည် ၂၀၂၄ ခုနှစ်အထိ ပုံမှန်အနေအထားသို့ရောက်ရှိရန် မလွယ်ကူနိုင်ကြောင်း လေကြောင်းလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံတကာလေကြောင်း ပို့ဆောင်ရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာလုံးဆိုင်ရာလေကြောင်းခရီးစဉ် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊ ထိုပမာဏသည် ဧပြီလတွင် ခန့်မှန်းထားသော အရေအတွက်ဖြစ်သည့် ၄၆ ရာခိုင်နှုန်းထက် များပြားကြောင်း သိရသည်။

လေကြောင်း လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ရန် အချိန်ယူမှု နှေးကွေးနေခြင်းကို ကြည့်ခြင်းအားဖြင့် လုပ်ငန်းများပြန်လည်ဆောင်ရွက်ရန် အချိန်သည် မိမိတို့ကနဦးခန့်မှန်းထားသည့် အချိန်ထက်များစွာ ကြာမြင့်မည်ဟုယူဆကြောင်း နိုင်ငံတကာ လေကြောင်း ပို့ဆောင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် အလက်ဇန်းဒါးဂျူနက်က ပြောကြားသည်။ ငွေကြေးအခက်အခဲကြောင့် ကုမ္ပဏီများက လေကြောင်းခရီးစဉ်များကို လျှော့ချခြင်း၊ လေကြောင်းလိုင်းများရှိ ဝန်ထမ်းများက မိမိတို့၏ အနာဂတ် အလုပ်အကိုင်အတွက် မရေရာမှုအား တွက်ချက်လာခြင်းနှင့် အမေရိကန်နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်မှု နှေးလာခြင်းစသည့် မနှစ်မြို့ဖွယ်အချက်များက လေကြောင်းလုပ်ငန်းအပေါ် သက်ရောက်မှုများရှိခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ခြင်းနှင့် ဆေးဝါးရှာဖွေခြင်းလုပ်ငန်းများနှေးကွေးပါက လေကြောင်းလုပ်ငန်းကို ကိုရိုနာဗိုင်းရပ်စ် မဖြစ်ပွားမီအချိန်အတွင်း ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်နိုင်ရန် အချိန်ကြာမြင့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံအများအပြားတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းကြောင့် မေလအတွင်း လေကြောင်းခရီးသည် ၉၁ ဒသမ ၀ ရာခိုင်နှုန်း ခန့်ကျဆင်းခဲ့သည်။

စင်းလုံးပြည့်ခရီးသည်ပါဝင်သော လေယာဉ်ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၆ ရာခိုင်နှုန်းတွင်ရှိသည်။ လေယာဉ်စီးခရီးသည်များ အရေအတွက် ကျဆင်းလာခြင်းသည် လေကြောင်းလုပ်ငန်းအား အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၃ ဘီလီယံ ဆုံးရှုံးစေခဲ့ပြီး လေကြောင်းလုပ်ငန်းမှရရှိသော အခွန် ၅၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ကမ္ဘာ့လေကြောင်းလိုင်းများ၏ ၈၂ ရာခိုင်နှုန်းကို ကိုယ်စားပြုသော နိုင်ငံတကာလေကြောင်း ပို့ဆောင်ရေးအဖွဲ့၏ပြောကြားချက်အရ ဂျပန်နိုင်ငံရှိ လေကြောင်းလိုင်းနှစ်ခုမှာ အမြတ်ငွေများကျဆင်းခဲ့ကြောင်း သိရသည်။ ဂျပန်လေကြောင်းကုမ္ပဏီသည် ဂျပန်ယန်းငွေ ၉၃ ဒသမ ၇၁ ဘီလီယံအရှုံးပေါ်ခဲ့ကြောင်း ပြောကြားသည်။

**ကိုးကား-ကျိုဒို၊ ဘာသာပြန်-စိုးသူရ**




# အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော်ရှိလာ

**နယူးဒေလီ ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြင့် သေဆုံးသူ ၉၀၀ ကျော်ရှိခဲ့ပြီး ယနေ့တွင် ရောဂါပိုးကူးစက် ဖြစ်ပွားသူအသစ် ၅၀၀၀၀ အထိရှိခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဗြိတိန်နိုင်ငံသည် အမေရိကန်၊ ဘရာဇီးနှင့် မက္ကဆီကိုတို့နောက်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ စတုတ္ထအမြင့်မားဆုံးနှင့် ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၆ သန်းရှိခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၅၀၉၂၁ ဦးရှိခဲ့ပြီး ယခင်ကထက်သေဆုံးသူ ၉၄၁ ဦးပိုလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ဒုတိယမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံး မြို့ကြီးအချို့ရှိသည့် နိုင်ငံတွင် ဆင်းရဲသားရပ်ကွက်များ၌ လူဦးရေထူထပ်စွာနေထိုင်ရသည့် အိန္ဒိယနိုင်ငံသည် အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့၏နောက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ တတိယမြောက် အများဆုံးနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် လူသေဆုံးမှုနှုန်းသည် နှစ်ရာခိုင်နှုန်းအောက်တွင်ရှိပြီး ကမ္ဘာတစ်ဝန်းတွင် ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှုန်း အနိမ့်ဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ရန်ပုံငွေမပြည့်စုံသော အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်စစ်ဆေးမှုအဆင့် နိမ့်ကျခြင်းနှင့် ယင်းရောဂါဖြင့် သေဆုံးမှုများအား စနစ်တကျ မှတ်တမ်းတင်နိုင်ခြင်းမရှိသောကြောင့် သေဆုံးသူ အရေအတွက် အစစ်အမှန်သည် များစွာမြင့်တက်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးမှုနှုန်းမြင့်တက်နေသော်လည်း အိန္ဒိယနိုင်ငံ၏ လူသေဆုံးမှုနှုန်းသည် နှစ်ရာခိုင်နှုန်းအောက်နှင့် ကမ္ဘာတစ်ဝန်းလုံးတွင် အနိမ့်ဆုံးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

စမ်းသပ်မှုများအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်း၊ ရောဂါပိုးကူးစက်မှုများအား ပြည့်စုံစွာခြေရာခံနိုင်ခြင်းနှင့် နည်းလမ်းများစွာဖြင့် ထိထိရောက်ရောက် ကုသပေးခြင်းတို့သည် အဆင့်မြင့်မားသည့် ပြန်လည်နာလန်ထမှုကို အထောက်အကူပြုသည်ဟု အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# လစ်ဗျားနှင့် ဆီးရီးယားအရေး ပူတင်နှင့် အာဒိုဂန် တယ်လီဖုန်းဖြင့် ဆက်သွယ် ဆွေးနွေး

**မော်စကို ဩဂုတ် ၁၇**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် လစ်ဗျားနှင့် ဆီးရီးယားနိုင်ငံရှိ အခြေအနေများနှင့် ပတ်သက်၍ တယ်လီဖုန်းဖြင့် ယနေ့ဆက်သွယ် ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ထပ်လောင်းဆွေးနွေး**

နှစ်နိုင်ငံခေါင်းဆောင်တို့ ဆက်သွယ်ဆွေးနွေးစဉ် လစ်ဗျားပဋိပက္ခနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူချက် ရရှိရေးအတွက် လိုအပ်ပုံကို ထည့်သွင်းဆွေးနွေးခဲ့ကြသလို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက ကျင်းပသည့် ဘာလင်ကွန်ဖရင့်၏ ဆုံးဖြတ်ချက်များနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၅၁၀ နှင့်အညီ တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုစတင်ရန် လိုအပ်ပုံကိုလည်း ထပ်လောင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ပူတင်နှင့် အာဒိုဂန်တို့သည် ဆီးရီးယားနိုင်ငံ အီဒလစ်စစ်မဲ့ဇုန်နှင့် ပတ်သက်၍ ရုရှားနှင့် တူရကီတို့အကြား သဘောတူညီချက်ကို ပြီးပြည့်စုံစေရေးအတွက် ဆီးရီးယားနိုင်ငံအတွင်းရှိ အကြမ်းဖက်သမားများ နှိမ်နင်းရေး ကြိုးပမ်းမှုအပေါ် ထပ်မံညှိနှိုင်းဆောင်ရွက်ရန်လည်း သဘောတူခဲ့ကြကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသ အခြေချနေထိုင်ရေးအပါအဝင် အခြားသော နိုင်ငံတကာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာ၌ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ သုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာတွင် AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ သုံးဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာ သိုင်းချောင်း-သစ်ပုတ်တောင်ကားလမ်းဘေးရှိ ကွမ်းယာဆိုင်၌ မသင်္ကာဖွယ်လူတစ်စုအား တွေ့ရှိရ၍ စစ်ဆေးရာမှ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်အားပေးကူညီခဲ့သူ အမာခံ ရစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်ကို ဇူလိုင် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါကြောင်း။

ယင်းဖမ်းဆီးရမိ အမာခံ ရစ်ဦးအား စစ်ကြောမေးမြန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ကပ်သပြေကျေးရွာဝင်၊ ထွက်လမ်းများအား ပိတ်ဆို့၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ထပ်မံ၍ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ ဘသိန်းရွှေ (ခ)မနီကျော (၄၈ နှစ်)၊ ဝေသိန်းအောင် (၄၆ နှစ်)နှင့် သန်းမြင့်အောင်(ခ)သန်းမြင့်ရွှေ (၄၀ နှစ်)တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ယခုထပ်မံဖမ်းဆီးရမိ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ သုံးဦးအား သက်ဆိုင်ရာသို့ လွှဲပြောင်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

## စမ်းချောင်းမြို့နယ်၌ လျှပ်စစ်မိန်းဘာရိတ်ကာမှတစ်ဆင့် မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံး

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း (တောင်) ရပ်ကွက် ဘာဝနာလမ်းတွင် ယနေ့ မွန်းလွဲပိုင်းက လျှပ်စစ်မိန်းဘာရိတ်ကာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင်ခဲ့သည်။

ရန်ကုန် အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဒွေးဝင်းက "အိမ်အမှတ်(၂၆) အောက်ထပ်က လျှပ်စစ်မိန်းဘာရိတ်ကာကနေ စလောင်တယ်လို့ လျှပ်စစ်ဌာနကရော မီးသတ်ဌာနကပါ အတည်ပြုပါတယ်။ အဓိကက လူမရှိဘဲ တံခါးပိတ်ထားတဲ့အတွက် မီးများတော့မှပဲ အပြင်ကလူတွေ သိကြရတာပါ။ ဒီဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိပါဘူး"ဟု ပြောသည်။



ဖြစ်စဉ်မှာ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က အဆိုပါလမ်းရှိ အိမ်အမှတ် (၂၆) အုတ်ညှပ်နှစ်ထပ်တိုက် အဆောက်အအုံ အောက်ထပ်ရှိ လျှပ်စစ်မိန်းဘာရိတ်ကာမှတစ်ဆင့် မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဖြစ်ပွားရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အဆိုပါအိမ်အမှတ် (၂၆) အုတ်ညှပ်အဆောက်အအုံ၏ အပေါ်ထပ်၊ အောက်ထပ်နှင့်အတူ ယင်းအဆောက်အအုံ၏ ဝဲ၊ ယာရှိ ပျဉ်ထောင်အိမ်အပေါ်ထပ်နှင့် သံကူကွန်ကရစ်အမျိုးအစား အဆောက်အအုံ အပေါ်ထပ်တို့အား မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီက ရွှေကူမြို့နယ် တော်လန်ကျေးရွာအနီး ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်စန့်ဂိုဒေါင်ကျေးရွာနေ မလရှမ်းမာရွယ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဘိန်းဖြူ သုညဒသမ ၁ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာ နောင်ချို-ရပ်စောက်သွားကားလမ်းတွင် စိုးမိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ထိုနေ့ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် ဗန်းမောက်ကျေးရွာနေ တီးခွန် (ခ) အောင်ခမ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ကော့သောင်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ထားဝယ် ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မရဲစခန်းမှ ဒုရဲအုပ်သက်နိုင်စိုးဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့သည် ယမန်နေ့မွန်းလွဲ ၁ နာရီခန့်တွင် မူးယစ်ဆေးဝါးသတင်းအရ ရွှေဟင်္သာရပ်ကွက် ရွာမ(၁)လမ်းနေ ခင်ဇော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ခင်ဇော်နှင့် ထွန်းလင်းနိုင်တို့နှစ်ဦးအား တွေ့ရှိရပြီး အိပ်ခန်းအတွင်း ကြမ်းပြင်အောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၇ ပြား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ကော့သောင်းမြို့မရဲစခန်းတွင် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

### ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြစ်ကြီးနားမြို့နယ်၌ တရားမဝင်ရွှေတူးဖော်သူများအား အရေးယူ

**မြစ်ကြီးနား ဩဂုတ် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ၌ ဩဂုတ် ၁၅ ရက်က တရားမဝင်ရွှေတူးဖော်သူသုံးဦးအား စက်လှေလေးစင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း တာလောကြီးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၃ နာရီခန့်က မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်အောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ် သတ္တုတွင်းလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ တာလောကြီးကျေးရွာ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာရှိ ခေါင်ဖူးရွာဟောင်းအင်းအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ တရားမဝင်ရွှေတူးဖော်နေသည့် ကျော်ငွေ၊ ဝေစိုးအောင်၊ နိုင်ဝင်းတို့ကို စက်လှေလေးစင်း၊ တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆန်းဝင်းအောင်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ရွှေတူးဖော်သူ ကျော်ငွေ အပါအဝင်လေးဦးကို တာလောကြီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဌေးအောင်နှင့် အမှတ်(၉၄)ယာဉ်ထိန်းတပ်ဖွဲ့စု မှူး ဒုတိယရဲမှူး (ဦးစီး) ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) မန္တလေး-လားရှိုးသွားကားလမ်း မင်းကြီးသုံးပါးရှေ့၌ ဆိုင်ကယ်မောင်းနှင်သွားလာနေသူများကို မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၇၆ (ခ)ပါ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့ညအချိန်တိုင်းဖွင့်၍ မောင်းနှင်ကြရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



**သိန်းဇော်(ကျည်ပွေ့)**



သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

ရွေးကောက်ပွဲကျင်းပရန်

၈၂ ရက်သာ

လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

UNION ELECTION COMMISSION MYANMAR

အထွေထွေရွေးကောက်ပွဲကို

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

## ပင်လောင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ၏ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က) ဖြင့် လျှောက်ထားလာမှုများအား စတင်ပြင်ဆင်ပေး

ပင်လောင်း ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)ဖြင့် လျှောက်ထားလာမှုများအား ယနေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ မဲစာရင်းတွင် မဲစာရင်းထည့်သွင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်မှုတွင် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ တင်ပြလျှောက်ထားလာသော အမည်စာရင်း ထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၂၅၀၈ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်းသည့် ကန့်ကွက်လွှာပုံစံ(၄)ဖြင့်လျှောက်ထားသူ ၁၀၈၈ ဦး၊ မဲစာရင်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့် လျှောက်ထားသူ ၂၁၁၆ ဦးရှိရာ ဩဂုတ် ၁၇ ရက်မှ ၂၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၆ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၁၇
ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၆ ဦးရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ စင်ကာပူနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၇၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၃၃၁ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၂၀ ဦး ရှိကြောင်းနှင့် ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၇ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၆ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၆၀၅၃ | ၃၇၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၃၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၆၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၂၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းအသေးစိတ်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၇ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၇၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၇-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၇၀၀၂၃ | ၂၉၂၂၉၃၆ | ၁၇၃၁၄၇ |
| ၂။ | ဘရာဇီး | ၃၃၄၀၁၉၇ | ၂၄၃၂၄၅၆ | ၁၀၇၈၇၉ |
| ၃။ | အိန္ဒိယ | ၂၆၆၇၉၇၃ | ၁၉၃၉၄၅၄ | ၅၁၂၈၀ |
| ၄။ | ရုရှား | ၉၂၇၇၄၅ | ၇၃၆၁၀၁ | ၁၅၇၄၀ |
| ၅။ | တောင်အာဖရိက | ၅၈၇၃၄၅ | ၄၇၂၃၇၇ | ၁၁၈၃၉ |
| ၆။ | ပီရူး | ၅၃၅၉၄၆ | ၃၆၅၃၆၇ | ၂၆၂၈၁ |
| ၇။ | မက္ကဆီကို | ၅၂၂၁၆၂ | ၃၅၅၁၀၁ | ၅၆၇၅၇ |
| ၈။ | ကိုလံဘီယာ | ၄၆၈၃၃၂ | ၂၈၇၄၃၆ | ၁၅၀၉၇ |
| ၉။ | ချီလီ | ၃၈၅၉၄၆ | ၃၅၈၈၂၈ | ၁၀၄၅၂ |
| ၁၀။ | စပိန် | ၃၅၈၈၄၃ | စိစစ်ဆဲ | ၂၈၆၁၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၆၄၄၇၄ | ၁၁၂၇၅၉ | ၂၆၈၁ |
| ၂။ | အင်ဒိုနီးရှား | ၁၄၁၃၇၀ | ၉၄၄၅၈ | ၆၂၀၇ |
| ၃။ | စင်ကာပူ | ၅၅၈၃၈ | ၅၁၉၅၃ | ၂၇ |
| ၄။ | မလေးရှား | ၉၂၁၂ | ၈၈၇၆ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၇၈ | ၃၁၉၄ | ၅၈ |
| ၆။ | ဗီယက်နမ် | ၉၇၆ | ၄၆၇ | ၂၄ |
| ၇။ | မြန်မာ | ၃၇၆ | ၃၃၁ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၃ | ၂၃၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၂ | ၁၉ | ၀ |



# လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဓာတ်ခွဲနမူနာများရယူခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇
ဩဂုတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့၏ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အား ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဓာတ်ခွဲနမူနာများ ရယူခြင်းများကို ယနေ့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်ခဲ့ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၆၆ ဦးတို့၏ ဓာတ်ခွဲနမူနာများကိုရယူ၍ နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ Cobas 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၆၆ ဦးအား လားရှိုးမြို့မှတစ်ဆင့် ဆက်လက်ပို့ဆောင်

လားရှိုး ဩဂုတ် ၁၇
ရှမ်းပြည်နယ်(မြောက်ပိုင်း) COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ် များမှတစ်ဆင့် တရုတ်နိုင်ငံမှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှ စတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိ သည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ တွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော် ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိ ပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့ မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၆၆ ဦးတို့အား စနစ်တကျထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

### လွှဲပြောင်းပို့ဆောင်

အဆိုပါ နေရပ်ပြန်ပြည်သူ ၆၆ ဦးတို့တွင် ချင်းပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်း ဒေသကြီးမှ ၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ခြောက်ဦး၊ ဧရာဝတီ တိုင်းဒေသကြီးမှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်ဦးတို့ဖြစ်သည်။ နှစ်နိုင်ငံနယ်စပ်ဂိတ် များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဩဂုတ် ၁၇ ရက်အထိ အမျိုးသား ၉၂၅၄ ဦး၊ အမျိုးသမီး ၅၇၁၈ ဦး စုစုပေါင်း ၁၄၉၇၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

နန်းသန္တာဦး (ပြန်/ဆက်)

**COVID -19 ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်းမဟုတ်

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံ၏ လိုအပ်ချက်အရ ပြောင်း၍ရပါကြောင်း၊ ပြောင်းလဲမည်ဆိုပါက အဘက်ဘက်ကို သုံးသပ်ရပါကြောင်း၊ စီးပွားရေးအရပြောရလျှင် Business Confidence ယုံကြည်မှုရှိရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးလုပ်ရန် သင့်တော်သည့်၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖြစ်ရန်လိုပါကြောင်း၊ ဥပဒေနှင့်ဆက်စပ်ပြောရလျှင် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို အင်မတန်မှအလေးထားပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှ နိုင်ငံတစ်နိုင်ငံက တည်ငြိမ်မည်ဖြစ်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- စုစုပေါင်း (၆၅၆)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ-
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၆) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case-337, 356) ရှိသဖြင့် စုစုပေါင်း (၃၃၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၂၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၆) ခု |
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၂) ခု |
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆-၈-၂၀၂၀) ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၇-၈-၂၀၂၀)ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၇၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၃၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၇-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | [illegible] | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၃၇၆ | ၃၇ နှစ် | ကျား | [illegible] | မရှိ | ရှိ ([illegible]) | [illegible] | တွေ့ရှိ | [illegible] |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ဒုတိယအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (၁၈၇)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု
- စုစုပေါင်း (၃၃၉) ခု စစ်ဆေးခဲ့ရာ
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၅၆၁) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၁၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)(PHL-MDY)မှ ဓာတ်ခွဲနမူနာ (၁၄၅) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု၊ စုစုပေါင်း (၉၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာတွင် -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။ အဆိုပါ လူနာသစ်(၁)ဦးအား (၁၆-၈-၂၀၂၀) ရက်နေ့၊ ည (၈ : ၀၀)နာရီသတင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ (၁၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၅)ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၁၆-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆောင်ရွက်လျက်ရှိသည့် CERP လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ်ကျေးရွာနှင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ညောင်ပင်တန်းကျေးရွာများ၌ CERP အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်း၊ တံတား၊ မြောင်း စသည့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးသည်။

**သန်းပေါင်း ၂၅၀၀၀ သုံးစွဲမည်**

ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံး ရုန်းထွက်နိုင်ရေးအတွက် ကာလတိုစီမံချက်ဖြစ်သည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)အရ ဝင်ငွေရရှိစေမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း လုပ်ငန်းတစ်ခုဖြစ်သည့် Cash for Work စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၌ ကျေးရွာ ၁၁၀ တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ကျေးရွာ ၂၅၀ တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ငွေကျပ်သန်းပေါင်း ၂၅၀၀၀ သုံးစွဲ၍ ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ကျေးရွာ ၈၀ တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ကျေးရွာ ၁၀၀ တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာပေါင်း ၁၇၁၀ တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၄၀၈၃၀ သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့နယ် ငှကလေးကျေးရွာနှင့် ဖျာပုံမြို့နယ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကျိုက်လတ်မြို့နယ် အိပ်ယာကြီးကျေးရွာတွင် CERP အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ကိုးအိမ်တန်းကျေးရွာများသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)အရ ဆောင်ရွက်လျက်ရှိသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းများအား ကြည့်ရှုအားပေးပြီး မိုးစပါးမျိုးစေ့ထုတ် တောင်သူများနှင့်တွေ့ဆုံကာ CERP မိုးစပါးမျိုးစေ့ထုတ် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီး၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် ဧက ၃၇ သိန်းကျော် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ စုစုပေါင်း ၃၁၅၆၂၅၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ CERP မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးမှုအနေဖြင့် လျာထား ဧက ၁၀၄၇၅ ဖြစ်ပြီး ယနေ့အထိ ၇၀၉၅ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေးမြို့နယ် သကံဝကျေးရွာ တောင်သူဦးတင်စိုး၏ ပေါ်ဆန်းရင် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးဇော်က ဧရာဝတီတိုင်းဒေသကြီး၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ CERP အရ မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးမှုနှင့် တောင်သူပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ကြိုးပမ်းအားထုတ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပေါ်ဆန်းရင် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းအတွင်း ကြားပေါင်းလိုက်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသနေတောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာမြေနှင့်ပတ်သက်ပြီး တောင်သူလယ်သမားများ ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့်စနစ်၊ တာဝန်ယူ တာဝန်ခံနိုင်သည့်စနစ်များ ဆောင်ရွက်နိုင်ရေး၊ ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်ရေးတို့ကို မျှော်မှန်းပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမားအသင်းအစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအားလုံး မိမိတို့ဒေသအလိုက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် တွေ့ကြုံနေရသော မြေယာပြဿနာများ အပါအဝင် အခက်အခဲများအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ ရင်ဆိုင်ဖြတ်ကျော်နေချိန်တွင် ရရှိနေသည့် နိုင်ငံတော်၏ အထောက်အပံ့၊ ဌာနဆိုင်ရာများ၏ ကူညီအားပေးမှု အခွင့်အရေးများကို အမိအရဆုပ်ကိုင်ပြီး မိမိတို့တစ်မိသားစုချင်းဘဝတိုးတက်ရေး၊ မိမိဒေသ ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်လတ်မြို့နယ် အိပ်ယာကြီးကျေးရွာ၌ CERP အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်းသို့ ရောက်ရှိကြပြီး ငါးမွေးတောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ပေးအပ်သည်။

မအူပင်ခရိုင်အတွင်း ငါးမွေးကန် ၂၃၅၉ ဧက ရှိပြီး ယခုအခမ်းအနားတွင် ငါးမွေးကန် ဧက ၂၀၀ အတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ ငါးမွေးကန်စုစုပေါင်း ၅၄၃၉၉ ဒသမ ၄ ဧကကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်ရှိ သမဝါယမအသင်းသားများသို့ စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော်အတွင်း China EXIM Bank ချေးငွေရယူထားသည့် မြို့နယ် ငါးမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော သမဝါယမအသင်းသားများအား ၎င်းတို့၏ စုဆောင်းငွေများအပေါ်အတိုးကို ထုတ်ပေးလျက်ရှိရာ တပ်ကုန်းမြို့နယ်အတွင်းရှိ အသင်း ၁၂၆ အသင်း၊ အသင်းသား ၁၁၄၉၃ ဦးအတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၄၈၅ ဒသမ ၅၂၇ သိန်း၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ အသင်း ၁၁ သင်း၊ အသင်းသား ၅၉၉ ဦးအတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၄၂ ဒသမ ၃၂၃ သိန်း၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အသင်းသုံးသင်း၊ အသင်းသား ၁၅၇ ဦးအတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၆ ဒသမ ၄၅၅ သိန်း၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ အသင်းကိုးသင်း၊ အသင်းသား ၅၅၄ ဦးအတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၃၆ ဒသမ ၁၉၁ သိန်းနှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အသင်း ၂၀၊ အသင်းသား ၁၁၁၅ ဦးအတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၆၁ ဒသမ ၇၄၈ သိန်း စုစုပေါင်းအသင်း ၁၆၉ သင်း၊ အသင်းသား ၁၃၉၁၈ ဦးအတွက် ငွေကျပ် ၆၄၂ ဒသမ ၂၄၄ သိန်းကို ဌာနဝန်ထမ်းများက ကြီးကြပ်လိုက်ပါ၍ သက်ဆိုင်ရာအမှုဆောင်အဖွဲ့နှင့်အတူ ညွှန်ကြားချက်များနှင့်အညီ အသင်းသူ အသင်းသားများလက်ဝယ်အရောက် ထုတ်ပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ကြို့ပင်ကောက်မြို့နယ်၌ Cash for Work စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

**ကြို့ပင်ကောက် ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ Cash For Work စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွာတန်းရှည်ကျေးရွာ မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား ဩဂုတ် ၁၄ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရွာတန်းရှည်ကျေးရွာ မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေကြသော ကျေးရွာသားများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက ကိုဗစ်-၁၉ ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးထိခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် မြို့နယ်အတွင်းရှိ ဝင်ငွေနည်းပါးသော ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးသည့်အတွက် ပုံမှန်ဝင်ငွေရရှိပြီး ကျေးရွာ၏လမ်းတံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Cash For Work စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြို့ပင်ကောက်မြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် Cash For Work စီမံကိန်းကျေးရွာကိုးရွာတွင် ရန်ပုံငွေကျပ်သိန်း ၉၀၀ ဖြင့် ကျေးရွာများ၌ ကော်မတီများဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းများကို ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၃ ဦးတို့အား မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ခုနစ်ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ(၁၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဇာတ်လမ်းရုပ်ရှင်တို (Short Film)၊ မှတ်တမ်းရုပ်ရှင်(Documentary)နှင့် ကာတွန်းရုပ်ရှင်(Animation Film) ပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) ဇာတ်လမ်းရုပ်ရှင်တို၊ မှတ်တမ်းရုပ်ရှင်နှင့် ကာတွန်းရုပ်ရှင်ပြိုင်ပွဲများအား အသက်(၃၅)နှစ်အောက် မြန်မာ့ရုပ်ရှင်ကို စိတ်ဝင်စားသူ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်အကြောင်းအရာမှာ "ရုပ်ရှင်ဖန်တီးမှုနှင့် နီးနွယ်သောအဖြစ်အပျက်များနှင့် စပ်လျဉ်းသည့် အပြုသဘောဆောင်သောတင်ပြမှုမျိုး" ဖြစ်ရမည်။

(ဂ) ဇာတ်လမ်းကြာမြင့်ချိန် (၁)မိနစ်မှ (၂၀)မိနစ်အတွင်း ဖြစ်ရပါမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဃ) ရုပ်သံအရည်အသွေး Full HD Quality အဆင့်မီရမည်ဖြစ်ပြီး ကင်မရာအမျိုးအစား သတ်မှတ်ထားခြင်းမရှိပါ။

(င) ယှဉ်ပြိုင်သောဇာတ်လမ်းသည် မိမိကိုယ်တိုင်ဖန်တီးထုတ်လုပ်ထားသည့်ဇာတ်လမ်းဖြစ်ကြောင်း ဝန်ခံချက်ပါရှိရပါမည်။ ဇာတ်လမ်းပါ အရုပ်များ၊ အသံများ၊ နောက်ခံတေးဂီတများနှင့်ပတ်သက်၍ ဖန်တီးသူမှ တာဝန်ယူရမည်။

(စ) အခြားရုပ်ရှင်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသော(သို့မဟုတ်) ဆုရရှိဖူးသော ဇာတ်ကားများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။ ဆုချီးမြှင့်ပြီးနောက်ပိုင်း စိစစ်တွေ့ရှိပါက ဆုကို ပြန်လည်ရုပ်သိမ်းပါမည်။

(ဆ) ရုပ်ရှင်ဇာတ်ကားများပေးပို့ရာတွင် ပါဝင်ယှဉ်ပြိုင်သူ၏ အမည်၊ အဘအမည်၊ နိုင်ငံသား မှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ ဆက်သွယ်ရမည့်လိပ်စာ၊ အနုပညာလှုပ်ရှားမှု(သို့) အနုပညာနှင့်ပတ်သက်သော ဝါသနာတို့ကိုဖော်ပြပြီး ရုပ်ရှင်ဇာတ်ကား၏ Full HD Format Video File အားရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) Facebook Page သို့ (၁၅-၉-၂၀၂၀)ရက်နေ့ ညနေ (၄) နာရီနောက်ဆုံးထား၍ပေးပို့ရမည်။

(ဇ) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပရိသတ်အကြိုက်ဆုံးဆုချီးမြှင့်သွားမည်။

(ဈ) ဆုရရှိသူများစာရင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး MyanmarFilm100Years Facebook Page၊ National University of Arts and Culture-Yangon(NUAC-Ygn)Facebook Page၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) Facebook Page တို့တွင် ကြေညာပေးထားမည်ဖြစ်သည်။

**မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး**
**ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ**

## မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲအား ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်ဖော်ပြပါအတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲအား အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ဝင်(၃)ဦးဖြင့်ဖွဲ့စည်း၍ စာရင်းပေးသွင်းရမည်။

(ဂ) ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပူးတွဲဖော်ပြပါ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ National University of Arts and Culture-Yangon(NUAC-Ygn) Facebook Page နှင့် mmkeditor@gmail.com.email လိပ်စာများသို့ (၂၉-၈-၂၀၂၀)ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပေးပို့လျှောက်ထားရမည်။

(ဃ) ပြိုင်ပွဲဝင်လျှောက်ထားသူများစာရင်းကို (၃၀-၈-၂၀၂၀) ရက်နေ့တွင် -

- မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး MyanmarFilm100Years Facebook Page၊
- National University of Arts and Culture-Yangon(NUAC-Ygn)Facebook Page၊
- ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) Facebook Page တို့တွင် ကြေညာပေးထားမည်ဖြစ်သည်။

(င) လူတွေ့စစ်ဆေးရွေးချယ်ခြင်းကို (၁-၉-၂၀၂၀)ရက်နေ့နှင့် (၂-၉-၂၀၂၀)ရက်နေ့တို့တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်တွင်ပြုလုပ်ပါမည်။

(စ) ပြိုင်ပွဲဝင်ခွင့်ရသည့်အဖွဲ့များကို (၃-၉-၂၀၂၀) ရက်နေ့တွင် MyanmarFilm100Years Facebook Page တွင် ကြေညာပေးထားပါမည်။

(ဆ) ပြိုင်ပွဲကို အဆင့်(၄)ဆင့်သတ်မှတ်ထားပြီး နောက်ဆုံးအဆင့်ဆုရသည့်အဖွဲ့များကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုများချီးမြှင့်မည်။

(ဇ) ပြိုင်ပွဲဝင်များသည် မြန်မာ့ရုပ်ရှင်စတင်သည့် ၁၉၂၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ် ၁၀၀ အတွင်း မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ အကယ်ဒမီထူးချွန်ဆုနှင့်ပတ်သက်သော အကြောင်းအရာများ၊ မြန်မာ့ရုပ်ရှင်ငွေရတု၊ ရွှေရတု၊ စိန်ရတုအထိမ်းအမှတ် စာနယ်ဇင်းစာအုပ်စာတမ်းများကို ကြိုတင်လေ့လာဖတ်မှတ်ထားရန် လိုအပ်ပါသည်။

**မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားကျင်းပရေး**
**ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ**

**မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေးကော်မတီ**
**ဉာဏ်စမ်းပဟေဠိပြိုင်ပွဲလျှောက်လွှာ**

| | | | |
|---|---|---|---|
| ၁။ | အဖွဲ့၏အမည် | | - |
| ၂။ | အဖွဲ့ဝင်(၁) | အမည် | - |
| | | အဘအမည် | - |
| | | နိုင်ငံသားမှတ်ပုံတင်အမှတ် | - |
| | | ပညာအရည်အချင်း | - |
| | | ဆက်သွယ်ရမည့်လိပ်စာ | - |

မှတ်ချက်။ အဖွဲ့ဝင် (၂)၊ (၃) အထက်ပါပုံစံအတိုင်းဖြည့်စွက်ရမည်။

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် တစ်ပြည်လုံးတွင် ပထမဆုရသူနှင့် ငါးဘာသာဂုဏ်ထူးဖြင့် ဒုတိယဆုရသူတို့အား ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့က ပညာသင်ဆု ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသရှိ အထက-ရေနံတောင်ရွာမှ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)တွင် တစ်ပြည်လုံး အမှတ်အများဆုံး ဘာသာစုံဂုဏ်ထူးဖြင့် ပထမဆုရရှိသည့် မောင်ဝေယံလင်းကျော်နှင့် ဒုတိယဆုရရှိသော ငါးဘာသာဂုဏ်ထူးရှင် မစုပိုပိုအောင်တို့ နှစ်ဦးအား ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာဦးသန်းဦးနှင့် ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာဦးတင်ညိုတို့ အမှူးပြုသည့် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့က ချီးကျူးဂုဏ်ပြုပွဲနှင့် ပညာသင်ဆုပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာသင်ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စား ဆရာကြီးဦးအေးကြိုင်က ဂုဏ်ပြုစကားပြောကြားပြီး ထူးချွန်သူ ကလေးတစ်ဦးစီအား ဆရာကြီး ဦးမြင့်ဆွေက ပညာသင်ဆုများ ဂုဏ်ပြုချီးမြှင့်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့အပြင် အထက-ရေနံတောင်ရွာမှ ဝိဇ္ဇာဘာသာတွဲတွင် တစ်ပြည်လုံး ပထမနှင့် ဒုတိယဆု ရရှိကြသူများနှင့်အတူ ကြံခင်းမြို့နယ်မှ အလွတ်ဖြေဆိုသော မောင်မင်းခန့်စည်သူအား ဝိပ္ပံဘာသာတွဲ၌ တစ်ပြည်လုံးတွင် အဋ္ဌမရရှိခဲ့သဖြင့် ယင်းအခမ်းအနားတွင် မြို့နယ်ဂုဏ်ဆောင်အဖြစ် ထည့်သွင်းဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပထမဆုရရှိသည့် မောင်ဝေယံလင်းကျော် အား ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စား ဆရာကြီး ဦးမြင့်ဆွေက ပညာသင်ဆု ဂုဏ်ပြုချီးမြှင့်စဉ်။



## ရိုန်းဘိုးဝန်ဆောင်မှု သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ရိုန်းဘိုးဝန်ဆောင်မှုသမဝါယမအသင်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉ Mini Budget Year နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင် ၁၇ ဦးနှင့် အသင်းသားကိုယ်စားလှယ် ၄၂ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# တိုကျိုမှ ရန်ကုန်သို့ ကယ်ဆယ်ရေးလေယာဉ် သုံးကြိမ် ပျံသန်းမည်

**ရန်ကုန်  ဩဂုတ်  ၁၇**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာရန်ဆန္ဒရှိသော မြန်မာနိုင်ငံသားများအတွက် ဂျပန်နိုင်ငံ နာရီတာမှ ရန်ကုန်မြို့သို့ ဩဂုတ် ၂၇ ရက်၊ စက်တင်ဘာ ၃ ရက်နှင့် စက်တင်ဘာ ၁၀ ရက်များတွင် ကယ်ဆယ်ရေးလေယာဉ်ဖြစ်သည့် All Nippon Airways ဖြင့် ပျံသန်းရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့ရှိ ဂျပန်သံရုံးမှ သိရသည်။

အဆိုပါ ANA လေကြောင်းလိုင်း၏ အပြန်ခရီးစဉ်တွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံသားများလိုက်ပါနိုင်ရန် ဩဂုတ် ၂၈ ရက်၊ စက်တင်ဘာ ၄ ရက်နှင့် စက်တင်ဘာ ၁၁ ရက်များတွင် ANA လေကြောင်းလိုင်း ပျံသန်းမည်ဖြစ်သည်။

ကယ်ဆယ်ရေးလေယာဉ်တွင် ဂျပန်နိုင်ငံသားများအပြင် သက်တမ်းကျန်ရှိနေသည့် ပြည်ပြန်ဝင်ခွင့်ခွင့်ပြုချက်၊ အထူးပြည်ပြန်ဝင်ခွင့် ခွင့်ပြုချက်အပါအဝင် ဂျပန်နိုင်ငံမှ ထွက်ခွာလာသည့် မြန်မာနိုင်ငံသားများ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လိုက်ပါလိုသူများအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကောင်စစ်ဌာန ဖုန်း - ၀၁၅၄၉၆၄၄ မှ ၀၁၅၄၉၆၄၈ အတွင်းရှိ ဖုန်းများနှင့်အီးမေးလ် ryoji @yn. mofa.go.jp သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**



# အင်းစိန်မြို့နယ်၌ ရွာမချောင်းဖြတ်တံတားနှစ်စင်း ဖွင့်လှစ်

**ရန်ကုန်  ဩဂုတ်  ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်လမ်း၊ တံတား အင်ဂျင်နီယာဌာနက တာဝန်ယူကြီးကြပ်ပြီး မေ ၃၀ ရက်မှ စတင်တည်ဆောက်ခဲ့သော အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ (၅) နှင့် နယ်မြေ (၃)၊ (၄) တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ချောင်းဖြတ်တံတားများ ဖြစ်သည့် တံတားအမှတ်(၁) အရှည်ပေ ၅၀၊ အကျယ် ၁၀ ပေနှင့် တံတားအမှတ်(၂) အရှည် ၅၅ ပေ၊ အကျယ် ၁၄ ပေရှိ လူကူးသံကူကွန်ကရစ်အမျိုးအစား ရွာမချောင်းဖြတ်တံတားများကို ဩဂုတ် ၁၆ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# အာဆီယံဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် MIU အသင်းနှင့် အာရှဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် VUC အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်

**နေပြည်တော်  ဩဂုတ်  ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူ့ဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် နိုင်ငံတကာ ဖူ့ဆယ်ကလပ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများကို ယနေ့ ရွေးချယ်လိုက်ပြီဖြစ်သည်။ အာဆီယံဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် MIU အသင်းနှင့် အာရှဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် VUC အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉-၂၀၂၀ ရာသီ ဖူ့ဆယ်လိဂ်ချန်ပီယံအသင်းကို အာရှဖူ့ဆယ်ကလပ်ပြိုင်ပွဲနှင့် ၂၀၁၉ MFF Open Cup ပြိုင်ပွဲ ချန်ပီယံအသင်းကို အာဆီယံဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရန် ဆုံးဖြတ်ထားသော်လည်း ပြိုင်ပွဲနှစ်ခုစလုံးတွင် MIU အသင်းက ဗိုလ်စွဲခဲ့သောကြောင့် ပြိုင်ပွဲတစ်ခုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ MIU ဖူ့ဆယ်အသင်းသည် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် ၂၀၂၁ အာဆီယံဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဦးစားပေးရွေးချယ်ခဲ့သောကြောင့် လိဂ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် VUC အသင်းက အာရှဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာရှဖူ့ဆယ်ကလပ်ပြိုင်ပွဲကို ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပရန် မသေချာသေးဘဲ လာမည့်နှစ်သို့ ပြောင်းရွှေ့ခဲ့ပါကလည်း VUC အသင်းသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်မှာမူ ယခုနှစ်တွင်ကျင်းပမည့်ပြိုင်ပွဲအားလုံးကို ဖျက်သိမ်းခဲ့သောကြောင့် MIU အသင်းသည် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် အာဆီယံဖူ့ဆယ်ကလပ်ပြိုင်ပွဲတွင်မှ ယှဉ်ပြိုင်ရမည်ဖြစ်သည်။



နိုင်ငံတကာ ဖူ့ဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIU နှင့် VUC အသင်းတို့ ၂၀၁၉-၂၀၂၀ ရာသီ ဖူ့ဆယ်လိဂ်ပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော်  ဩဂုတ်  ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၁၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က သပြေကုန်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ဆောင်ရွက်ပေးသည်။

ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဒုတိယလဝကမှူး ဒေါ်ဆွေဆွေဦးနှင့် ဝန်ထမ်းများက သပြေကုန်းကျေးရွာအတွင်းရှိ အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများနှင့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူ ၅၀ အား အထောက်အထားများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း ဆောင်ရွက်

**လဲချား  ဩဂုတ်  ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းကို မိမိတို့စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာဖတ်ဝါသနာရှင်များ စာအုပ်စာပေဖတ်ရှုနိုင်စေရန်၊ စာကြည့်တိုက်ကို ပိုမိုအသုံးပြုစေရန်၊ စာအုပ်စာစောင်ဖတ်ရှုမှု ပိုမိုမြင့်မားလာစေရန်အတွက် မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်စာရင်းစစ်ရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ သွားရောက်ငှားရမ်းခဲ့သည်။

ထိုသို့ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို တစ်လလျှင် နှစ်ကြိမ်ဖြင့် အသစ်လဲလှယ်ငှားရမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသူနောင် (ပြန်/ဆက်)**



# ကျောက်တန်းမြို့နယ်၌ ပင်လယ်လိပ်များ ထိန်းသိမ်းကာကွယ်ရေး ပညာပေး

**ကျောက်တန်း ဩဂုတ် ၁၇**

Fauna and Flora International (FFI) အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်အဖွဲ့၊ ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့် အတူ ပင်လယ်လိပ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်းဘုတ်ကို စိုက်ထူခဲ့ကြကြောင်း သိရသည်။

**ပျက်စီးဆုံးရှုံး**

ပင်လယ်လိပ် မျိုးသုဉ်းလျော့နည်းရသည့် အကြောင်းရင်းများမှာ အသားနှင့်ဥများကို စားသုံးခြင်း၊ လိပ်ခွံများအား အလှတန်ဆာဆင်ပစ္စည်းများ ပြုလုပ်ခြင်း၊ အမှတ်တရပစ္စည်းများ ပြုလုပ်ကာ ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားခြင်း၊ ငါးဖမ်းကိရိယာအမျိုးမျိုးကြောင့် မတော်တဆ ဖမ်းဆီးထိခိုက်မိခြင်းကြောင့် သေဆုံးရခြင်း၊ လူဦးရေတိုးပွားလာခြင်းကြောင့် အခြေချနေထိုင်လာကြ၍ ဥချရန်နေရာများ ပျောက်ကွယ်ရခြင်း၊ ဥကျင်းတက်ပြီးချိန်တွင် ဥများတူးဖော်ရုံသာမက လိပ်မကြီးပါ သတ်ဖြတ်စားသုံးခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် သေကျေပျက်စီးရခြင်း၊ ရေထုညစ်ညမ်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရေကြောင်း၊ မီးအလင်းရောင်များကြောင့် ရွှေ့ပြောင်းသွားလာရာလမ်းကြောင်း မှားယွင်းခြင်း၊ စားကျက်များပျက်စီး လျော့နည်းလာခြင်း၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာ၍ ဥချရာနေရာများ ပျက်စီးပျောက်ကွယ်လာခြင်း၊ ပုရွက်ဆိတ်၊ ကဏန်း၊ ငှက်၊ ဖွတ်၊ တောခွေးသားစားငါးများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေရသည်။ ယခုအခါ FFI နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအဖွဲ့ (FFI) မြန်မာနိုင်ငံအစီအစဉ်မှ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးတာဝန်ခံ ဆလိုင်းမန်းညီညီလင်း၏ ပြောကြားချက်အရ သိရသည်။

**သတင်းစဉ်**

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ
ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။
ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ခုခံအားစနစ်ကောင်းဖို့အတွက်
အပင်ထွက်ပစ္စည်း (၁၀)မျိုးနဲ့
ထုတ်လုပ်ထားတဲ့
သဘာဝကိုယ်ခံစွမ်းအားတိုးဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 007342 (1219)



FAME 09-752721908, 09-954271908

FAME မှ ထုတ်လုပ်သော ဆေးဝါးအားလုံးကို
ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ။

ဦးစံ (လင်း) ကုမ္ပဏီ
(open daily) (ဗဟန်းရုံး) မှ အမြန်ရောင်းမည်။

| | | | |
|---|---|---|---|
| ၁။ဗဟာတတ္တွသိုက်မိုးသာလမ်းအနီး (50x120) | IRC | 15000L |
| ၂။စွမ်းပြည့်လမ်းအနီးလမ်းကျယ် (60x90) | မြေ | 8500L |
| ၃။သထံနိုးကျွန်း၊ မလိခဇိမ်ရာ (44x62) | မြေ | 3700L |
| ၄။ရန်ကင်း၊ပါရမီရိပ်သာ (30x60) | 2BN | 2800L |
| ၅။မင်္ဂလာဒုံအမှတ်(၃)ဂုတ် (90x100) | မြေ | 2500L |
| ၆။သထံနိုးကျွန်း၊လမ်းသန့် (40x60) | မြေ | 1200L |
| ၇။တာ/ဥ(၆)ရပ်ကွက်လမ်းသန့် (20x60) | မြေ | 1000L |
| ၈။အလုံမင်းရဲကျော်စွာကွန်ဒို (2150Sqft) | Lift | 4000L |
| ၉။အလုံ၊Orchid Condo (1850Sqft) | Lift | 2650L |
| ၁၀။ရာဇာရွှေနိုးကောင်းကွန်ဒို (2001Sqft) | Lift | 2500L |

Facebook Page - ဦးစံလင်းအကျိုးဆောင်ကုမ္ပဏီ ဗဟန်းရုံး
တွင်လည်း ဝင်ရောက် ကြည့်ရှု စုံစမ်းနိုင်ပါသည်။
01-552742, 01-559320, 095060938, 095060940

# အနုအညွှတ် ဝန်ချတောင်းပန်ခြင်း

တကယ်ဆိုတော့...
ဘယ်သူကမှ နောက်မကျခဲ့ဘူး
နေဝင်ချိန်ကကို စောလွန်းသွားတာပါ။
တာရာမင်းဝေ
(၇-၅-၉၇)

တကယ်ဆိုတော့
တို့နောက်မကျခဲ့ဘူး
နေဝင်တာနည်းနည်းစောသွားခဲ့တာ
If truth be told
we were not behind time
the sun set a little too soon.
မျိုးဟန်

သံယောဇဉ်ကိုမှ
